ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်၊ အင်္ဂါနေ့၊ (26-6-2007) (၅၃၆၀)

# ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူး Colonel Ngi Vanndim နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Rumdas Cheav တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၅

**ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူး Colonel Ngi Vanndim နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Rumdas Cheav တို့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီး ချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

# ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဂျပန်နိုင်ငံစစ်သံမှူးများအား လက်ခံတွေ့ဆုံ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည် ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး Colonel Yoshihiko IZAKI နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင် မည့် Colonel Mitsugi SARATANI တို့အား နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



နေပြည်တော် ဇွန် ၂၅

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး Colonel Yoshihiko IZAKI နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Mitsugi SARATANI တို့အား ယနေ့နံနက် ၉ နာရီခွဲ တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံ တွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ***

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၂၆-၆-၂၀၀၇
(အင်္ဂါနေ့)

# စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းများ တည်ဆောက် ပြည်သူလေးစား ယုံကြည်အားထားမှုရှိရန် ကြိုးပမ်း

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် ဆက်စပ်ယှက်နွယ်လျက်ရှိရာ တရားဥပဒေစိုးမိုးမှုရှိမှသာ တိုင်းပြည်အေးချမ်းသာယာမည်ဖြစ်သည်။

ပြည်သူတိုင်း ဥပဒေကို လေးစားလိုက်နာကြရမည်ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့များသည် နိုင်ငံတော်က ထုတ်ပြန်ထားသည့်ဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ပြည်သူများ လိုက်နာစေရန် ထိန်းကျောင်းပေးသည့် အဖွဲ့များဖြစ်ရာ မိမိတို့ကိုယ်တိုင်ကလည်း သိရှိနားလည်လေးစား လိုက်နာကြရမည်ဖြစ်သည်။

ရဲတပ်ဖွဲ့သည် ဥပဒေဖောက်ဖျက်ကျူးလွန်သူများအား ထိရောက်စွာတားဆီး၍ ပြည်သူများအား ဘေးအန္တရာယ်မရှိစေရန် အကာအကွယ်ပေးကြရမည့် တာဝန်ရှိသည်။ ထို့နည်းတူ အုပ်ချုပ်ရေးပိုင်းမှ တရားသူကြီးများနှင့် ရှေ့နေများကလည်း ပြစ်မှု၏အကြောင်းရင်းကို ပြည့်ပြည့်စုံစုံ စစ်ဆေးဆန်းစစ်ပြီး ပြစ်မှုပြစ်ဒဏ်မှန်ကန်စွာ စီရင်ဆုံးဖြတ်ချမှတ်ကြရမည်ဖြစ်သည်။

အဆိုပါအဖွဲ့အစည်းများ၌ တာဝန်ထမ်းဆောင်နေသူများသည် လုပ်ငန်းကျွမ်းကျင်မှုစွမ်းရည် ပြည့်စုံကြရမည့်အပြင် စိတ်ဓာတ်ကောင်း၊ ကိုယ်ကျင့်တရားကောင်းရှိခြင်းဖြင့် အုပ်ချုပ်ရေးလုပ်ငန်းများနှင့် ရဲလုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

အုပ်ချုပ်ရေးအဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များသည် မှန်မှန်ကန်ကန် ဆောင်ရွက်တတ်သော စိတ်ဓာတ်ကောင်း၊ အဂတိတရားလေးပါးကင်းရှင်းသည့် ကိုယ်ကျင့်တရားကောင်းများ ပြည့်စုံနေစေရေး တည်ဆောက်ထိန်းသိမ်းပြီး ဝန်ထမ်းကျင့်ဝတ်၊ ရဲကျင့်ဝတ်များနှင့်အညီ လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်ကြခြင်းဖြင့် ပြည်သူများ၏ ချစ်ခင်လေးစား ယုံကြည်အားထားမှုများကို ထာဝစဉ် ရရှိနေကြမည်ဖြစ်ပါသည်။ ။




## ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်အတွက် သဃ်္ဃန်းကျွန်းမြို့နယ် ဣစ္ဆိတာံဝေဇယန္တာ ဥယျာဉ်အိမ်ရာနေ ဦးအုန်းမောင်- ဒေါ်သန်း (၇၀) ပြည့်မွေးနေ့အတွက် မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ ကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များအား ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် ဇွန် ၂၅

အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၏ (၂၃) ကြိမ်မြောက် အစည်းအဝေး (HAPUA-XXIII)နှင့်ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနက ဇွန် ၂၂ ရက် ညပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲအပြီးတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က သက်ဆိုင်ရာနိုင်ငံများအလိုက် တက်ရောက်လာသည့် ကိုယ်စားလှယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဇွန် ၂၅

လယ်တီ ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက်၌ (၁၀၉) ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဇွန် ၂၉ ရက် (ပထမဝါဆိုလဆန်း ၁၅ ရက်)မှ ဇူလိုင် ၇ ရက် (ပထမဝါဆိုလပြည့်ကျော် ၈)ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

# တစ်ဖက်ပိတ်ဆည်အတွင်း ရေချိုပုစွန်သားပေါက်နှင့် ငါးမျိုးများစိုက်ထည့်

နေပြည်တော် ဇွန် ၂၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဆည်အမှတ်-၂၉ တစ်ဖက်ပိတ်ဆည်အတွင်း ရေချိုပုစွန် သားပေါက်နှင့် ငါးမျိုးများ စိုက်ထည့်ပွဲကို ဇွန် ၂၃ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ရှိ အဆိုပါဆည်၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်နှင့်တိုင်းဦးစီးဌာနမှူးများ တက်ရောက်၍ ရေချိုပုစွန်သားပေါက်နှင့် ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲတွင် ရေချိုပုစွန် သားပေါက်ကောင်ရေ ၁၂၀၀၀ ခန့်နှင့် ငါးမျိုးစုံ ငါးမျိုးတစ်သိန်း စိုက်ထည့်ပေးကြောင်းနှင့် နေပြည်တော်ရှိ ဝန်ကြီးဌာနများ၏ ဆည်များတွင်လည်း ငါးမျိုးများ စိုက်ထည့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ဦးသင်းဆွေ၊ ဒေါ်ခင်စောမြင့်မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် JETRO အုပ်ချုပ်မှုဒါရိုက်တာ တွေ့ဆုံ

ရန်ကုန် ဇွန် ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့အား ဇွန် ၂၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Japan External Trade Organizationမှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Kojima Eitaroသည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ဂျပန်နိုင်ငံ၌ ကျင်းပသော ကုန်စည်ပြပွဲသို့ မြန်မာကုမ္ပဏီများ ပါဝင်ပြသခဲ့သည့်ကိစ္စ၊ Myanmar Japan CCI Business Cooperation Committee(MJBCC) အစည်းအဝေး ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလအတွင်း ဆက်လက်ကျင်းပနိုင်ရေးအတွက် မိမိတို့ဘက်မှ အဆိုပြုထားသည့်ကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဖခင်ကြီး ဦးချစ်တိုး (၁၆)နှစ်ပြည့်အား ရည်စူး၍ မိခင်ကြီး ဒေါ်သန်း(၈၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် တာမွေမြို့နယ် ၁၆၃ လမ်းနေ သား၊ သမီး၊ မြေး၊ မြစ်တစ်စုတို့က နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ဆွမ်းပဒေသာပင်ကျပ် နှစ်သိန်း၊ ဆေးပဒေသာပင် ကျပ်နှစ်သိန်းနှင့် သုံးထပ်ဘိုးဘွားဆောင် အလှူငွေကျပ် တစ်သိန်းတို့ကို အတွင်းရေးမှူး ဗိုလ်မှူး အောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)






၂၀၀၇ခုနှစ် ဇူလိုင်လ ၁၅ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

# နိုင်ငံတကာ မှတ်ကျောက်တွင် တင်ခံရသည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးအောင်ပွဲ

ခြင်ကျား(မအူပင်)

မူးယစ်ဆေးဝါး သုံးစွဲ၊ စိုက်ပျိုး၊ ထုတ်လုပ်ခြင်း ဓလေ့သည် မြန်မာ့ဓလေ့မဟုတ်ပေ။ နယ်ချဲ့စနစ်ကြောင့် မြန်မာ့မြေပေါ်တွင် ခြေချခဲ့သော မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နိုင်ငံတော်က ၁၅နှစ်စီမံကိန်း (၁၉၉၉-၂၀၁၄)ကို ချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ပန်းတိုင်သစ်စီမံကိန်းကို ၂၀၀၂ ခုနှစ် ဧပြီလတွင် စတင်ဆောင်ရွက်ခဲ့သည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)က ၂၀၀၇ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်း အောင်မြင်မှုကို ဖော်ပြခဲ့ပါသည်။

နိုင်ငံတော်အစိုးရက ဦးဆောင်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို ဆက်စပ်ဆောင်ရွက် လုပ်ကိုင်ခဲ့သောကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မှုရရှိခဲ့သည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၏ ရည်ရွယ်ချက် ငါးရပ်တွင် **"နယ်စပ်ဒေသ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"** ဟူသည့် ရည်ရွယ်ချက်တစ်ရပ်ကိုလည်း ထည့်သွင်းသတ်မှတ်ခဲ့သည်။ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်း မစတင်မီ ၁၉၈၉ ခုနှစ်ကတည်းက နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းကို ကြိုတင်ဆောင်ရွက်ခဲ့သည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို လျင်မြန်စွာ၊ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်သည်။

**နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ဘိန်းစိုက်ပျိုးရာ ဒေသများ၏ လူမှုစီးပွားရေးအခြေခံ အဆောက်အအုံများကို ဦးစားပေး တည်ဆောက်ပေးခဲ့သည်။ နယ်စပ်ဖွံ့ဖြိုးရေးအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၀၁၀၆၆ သန်းကျော်၏ ၇၅ ရာခိုင်နှုန်းကို မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းနှင့် ဆက်စပ်နေသည့်ဒေသများ၌ သုံးစွဲဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် နယ်စပ်ဒေသ၌ရှိသည့် ဘိန်းစိုက်တောင်သူများအတွက် အခြားစီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာပြီး ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှု သိသာစွာ လျော့နည်းကျဆင်းလာခဲ့သည်။**

မူးယစ်ဆေးဝါးထုတ်လုပ်မှု ကျဆင်းပပျောက်ရေးအတွက် ယခင်က ဘိန်းခင်းများကို လေယာဉ်ဖြင့် ဆေးဖျန်းဖျက်ဆီးခြင်း၊ စစ်ဆင်ရေးကြီးများဖြင့် တားဆီးနှိမ်နင်း ဖျက်ဆီးခြင်းလုပ်ငန်းများကို ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့သည်။ သို့သော် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ ကျဆင်းမှုမရှိခဲ့သည်ကို တွေ့ရသည်။ ယခုအခါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေး အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်းကြောင့်လည်းကောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများအကြား မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို အသိပညာပေးနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းကြောင့်လည်းကောင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသာစွာလျော့နည်း ကျဆင်းလာခဲ့သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအပြင် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တင်သွင်းလာသော ကုန်ကြမ်းနှင့် ဓာတုဆေးဝါးများကို အသုံးပြုထုတ်လုပ်သည့် စိတ်ကြွရူးသွပ်ဆေးပြားများကို ထိရောက်စွာ တားဆီး နှိမ်နင်းလျက်ရှိပါသည်။ နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့တို့ကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဖြစ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများ လတ်တလော ရိက္ခာအခက်အခဲကို ဖြည့်ဆည်းပေးနိုင်ရန် ၂၀၀၃ခုနှစ်မှစတင်၍ ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ် (WFP)နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ WFP သည် ၂၀၀၃ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၉၃ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၀၅၇၆ တန်ကို ကွတ်ခိုင်၊ ကောင်းခါး၊ မုံးကိုး၊ ဖောင်းဆိုင်၊ တာမိုးညဲ၊ မန်တုံ၊ မန်ပန်၊ ဖယ်ခုံ၊ ပင်လောင်း၊ ဆီဆိုင်ဒေသများမှ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တိုင်းရင်းသားတောင်သူများအား ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့၌ ရိက္ခာမဖူလုံသော မိသားစုများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်လျက်ရှိသည်။ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၇၃၉ သန်း တန်ဖိုးရှိသည့် ဆန်နှင့် စားနပ်ရိက္ခာ ၁၁၄၃၁၅ တန်ကို ထောက်ပံ့ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၅ခုနှစ် မတ်လတွင် ထိုင်းနိုင်ငံမှ WFP ကို လှူဒါန်းသည့် ဆန်တန်ချိန် ၁၀၀၀ကို တာချီလိတ်မြို့မှ တစ်ဆင့် "ဝ"ဒေသကိုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာ-တရုတ်နယ်စပ်ရှိ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများအတွက်လှူဒါန်းသော ယွမ်သန်း ၃၀ မြန်မာငွေကျပ် ငါးဘီလီယံ ဖိုးခန့်ရှိသော ဆန်တန်ချိန် ၁၀၀၀၀ကို ပန်ဝါ၊ လိုင်ဇာ၊ လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားတို့တွင်လည်းကောင်း ဖြန့်ဝေပေးခဲ့သည်။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)နှင့် မူးယစ်ဗဟိုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော "ဝ"ဒေသအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်း (Wa Alternative Development Project -WADP) စီမံကိန်းကို UNODC ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၉၉ သန်းဖြင့် ၁၉၉၈ခုနှစ်မှစ၍ ၂၀၀၇ ခုနှစ်အထိ မိုင်းပေါက်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုစီမံကိန်းက ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာ ဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုး ဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် AIDS ရောဂါ အသိပညာပေးရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှု စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDPနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို ၁၉၉၄ ခုနှစ်က စတင်ပြီး ၂၀၀၇ ခုနှစ်အထိ UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၈ သန်းနှင့် ဆောင်ရွက်လျက် ရှိသည်။ စီမံကိန်းအဆင့်(၁)မှ (၃)အပါအဝင် UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁ သန်းဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့် ရရှိရေး၊ မိသားစုဝင်ငွေ တိုးပွားရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

စီမံကိန်းအဆင့်(၄)ကို ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအို၊ မချမ်းဘော၊ တနိုင်း၊ မံစီ၊ မိုးမောက်မြို့နယ်များ၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များ၊ ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် မွန်ပြည်နယ် ကျိုက်မရော၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်များမှ ကျေးရွာပေါင်း ၈၄၉ ရွာ၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစု ဝင်ငွေ တိုးပွားရရှိရေး လုပ်ငန်းများကို UNDP ထည့်ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၆ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်အစား ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးခြင်း၊မြေပြန့်များ၌ လယ်ယာမြေအသစ်များကို ဖော်ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ပေးမှုတို့ကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ကြသည်။ အပိုဝင်ငွေရရှိစေမည့် ရော်ဘာ၊ လိမ္မော်၊ လိုင်ချီး၊ နှင်းသီး၊ လက်ဖက် စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း ပေါ်ထွက်လာခဲ့သည်။ ဤစိုက်ပျိုးရေးအခြေခံကောင်းများကြောင့် ဘိန်းစိုက်ပျိုးမှုကို ဒေသခံ တိုင်းရင်းသားအများစုက စွန့်လွှတ်လာကြသည်ကို တွေ့ရှိရသည်။ ဘိန်းအစားထိုးသီးနှံစိုက်ခင်း တိုးချဲ့နိုင်ရန်နှင့် ထွက်ရှိလာသည့် သီးနှံများကို ဈေးကွက်တင်ပို့နိုင်ရေး၊ ပြည်တွင်းတွင်သာမက ပြည်ပဈေးကွက်ရရှိရေး၊ ဈေးကောင်းရရှိရေးကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးစီမံကိန်း ဆောင်ရွက်နေသည့် ရွှေတြိဂံနယ်မြေ၌ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများ၏ သား၊သမီး ကျောင်းသားများကိုလည်း ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်နှင့် ပူးပေါင်း၍ food for education အစီအစဉ်ဖြင့် ဆန်ထောက်ပံ့ပေးခြင်း၊ UNDPနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဝေးလံမြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းမှ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ကျောင်းပေါင်း ၅၀၇ ကျောင်း ဆောက်လုပ်ပြီး ကျောင်းပေါင်း ၅၈၉ ကျောင်းပြုပြင်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ နယ်စပ်ဒေသရှိ ကျောင်းသားများ ကျောင်းသုံးစာအုပ် အခမဲ့ရရှိရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ဖြန့်ဝေပေးခြင်း UNICEF နှင့် ပူးပေါင်းဖြန့်ဝေပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် ၂၀၀၆-၂၀၀၇စာသင်နှစ်တွင် ကျောင်းသား ၁၈၅၅၂ ရှိလာသဖြင့် နယ်စပ်ဒေသရှိ လူငယ်များ ပညာ ပိုတတ်မြောက်လာ၍ ကိုလိုနီအမွေဆိုးဖြစ်သည့် ဘိန်းစိုက်ပျိုးမှု၏ ဆိုးကျိုးကို ပိုမိုသိမြင်လာကြတော့မည်ဖြစ်သည်။

**နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ပန်းတိုင်သစ် စီမံကိန်းပါ ပေါင်းစပ်၍ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့သောကြောင့် မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု အရှိန်အဟုန်ဖြင့် ကျဆင်းလာခဲ့သည်။ မြန်မာနိုင်ငံ၏ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာသည့် အခြေအနေမှာ နိုင်ငံတကာ၏ စံမှတ်ကျောက်ဖြင့် အစမ်းသပ်ခံနိုင်သည့် အခြေအနေအထိ တိုးတက်လာခဲ့သည်။**

**အမေရိကန်နိုင်ငံ Counter Narcotic and Crime (CNC) ပူးပေါင်း၍ ဘိန်းအထွက်နှုန်း တိုင်းတာခဲ့သည့် စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ၈၁ ရာခိုင်နှုန်း ကျဆင်းသွားလျက် ထုတ်လုပ်မှုသည် ၈၈ ရာခိုင်နှုန်း လျော့နည်းသွားသည်ဟု ဖော်ပြခဲ့သည်။**

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး(UNODC)က ၂၀၀၆ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၀၇ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာအဖြစ် ၂၀၀၇ခုနှစ် မတ်လက ထုတ်ပြန်ခဲ့သည်။ UNODC ၏အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှု ၃၄ ရာခိုင်နှုန်းကျဆင်းသွားကြောင်းဖော်ပြခဲ့သည်။ မြန်မာနိုင်ငံအစိုးရ၏ မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅ နှစ်စီမံကိန်း (၁၉၉၉-၂၀၁၄ခုနှစ်) အရ ၂၀၀၅ခုနှစ် ဇွန်လတွင် စတင်ခဲ့သော ဒုတိယကာလတို ငါးနှစ်စီမံကိန်း၏ ရလဒ်အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)'ဝ'ဒေသတွင် ဘိန်းကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင်ခဲ့ကြောင်းလည်း ဖော်ပြပါရှိသည်။

**ဘိန်းစိုက်ပျိုးမှုသိသိသာသာ လျော့နည်းကျဆင်းသွားခြင်းကြောင့် ဒေသခံကျေးလက်ပြည်သူများ ဘဝရပ်တည်မှု မထိခိုက်စေရေးအတွက် UNODCကလည်း ကူညီပေးခဲ့ကြောင်း၊ UNODCအနေဖြင့် ကိုးကန့်ဒေသနှင့် 'ဝ'ဒေသမှ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်ခဲ့သူ ဒေသခံပြည်သူထောင်ပေါင်းများစွာနှင့် ၎င်းတို့၏ မိသားစုများအတွက် အစားအသောက်အခြေခံဝန်ဆောင်မှုနှင့် ပညာရေးဆိုင်ရာ အကူအညီများ ပေးခဲ့ကြောင်းလည်း ဖော်ပြခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် UNODC ၏ ဆည်မြောင်းစီမံချက်ဖြစ်သော ဟိုတောင်းမြို့နယ် နန်းတူရေလွှဲဆည်ကို တည်ဆောက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။**

UNODC၏ အစီရင်ခံစာ၌ပင် ၂၀၀၆ ခုနှစ် စောစောပိုင်းစစ်တမ်းများအရ မုန်းပေါက်ဒေသတွင် ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဘိန်းအစားထိုး စပါးစိုက်ပျိုးမှု ဧရိယာ ၇၈၅ ဟက်တာနှင့် စပါးစိုက်ပျိုးမှု ၂၁ ရာခိုင်နှုန်း တိုးတက်လာပြီး ၁၉၉၉ ခုနှစ်က လုံးဝမရှိခဲ့သော မြေနိမ့်စပါးစိုက်ပျိုးမှု ၄၂ ရာခိုင်နှုန်းအထိ တိုးမြှင့်စိုက်ပျိုးလာနိုင်၍ အနည်းဆုံး သီးနှံအသစ်တစ်မျိုးကို ရာခိုင်နှုန်း ၆၀ အထိ စိုက်ပျိုးလာနိုင်သည်ကို တွေ့ရှိကြောင်း ဖော်ပြထားသည်။

ဘိန်းစိုက်ပျိုးရာသီတွင် ပုံမှန်ပြုလုပ်သော ဘိန်းတိုက်ဖျက်ရေးစီမံချက်ကို ရှောင်လွှဲ၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ရာသီမဟုတ်ဘဲ ဘိန်းစိုက်ပျိုးသော မြို့နယ်သုံးခုရှိကြောင်း သတင်းများ ထွက်လာသဖြင့် UNODC နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးအေဂျင်စီတို့ ပူးပေါင်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် စစ်တမ်းများ ကောက်ယူမှုပြုခဲ့ကြောင်း၊ ၎င်းစစ်တမ်းအရ အဆိုပါ သတင်းထွက်သောဒေသများတွင် ဘိန်းစိုက်ပျိုးမှုအထောက်အထား လုံးဝမတွေ့ရှိခဲ့ရကြောင်း ဖော်ပြခဲ့သည်။

UNODCသည် 'ဝ'ဒေသ မုန်းပေါက်နှင့် ဝိန်းကောင်နယ်မြေတို့တွင် မူးယစ်ဆေးဝါး ဝယ်လိုအား လျှော့ချရေးစီမံချက်ဖြင့် ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ် ဇူလိုင်လအတွင်း လူထောင်ပေါင်းများစွာ ဘိန်းဖြတ်ခဲ့ကြပြီး ၎င်းတို့၏ မိသားစုကိုပါ နှစ်သိမ့်ပညာပေး ဆွေးနွေးခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းကို အမျိုးသားရေးအမြင်နှင့်ယှဉ်၍ တိုက်ဖျက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီး နိုင်ငံတကာ မှတ်ကျောက်တွင် တင်ခံရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် မူးယစ် ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ပန်းတိုင်သစ် စီမံကိန်းပါ ပေါင်းစပ်၍ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့သောကြောင့် မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်ဖြင့် ကျဆင်းလာခဲ့သည်။ မြန်မာနိုင်ငံ၏ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာသည့် အခြေအနေမှာ နိုင်ငံတကာ၏ စံမှတ်ကျောက်ဖြင့် အစမ်းသပ်ခံနိုင်သည့် အခြေအနေအထိ တိုးတက်လာခဲ့သည်။

# ကမ္ဘာကြီး ပူနွေးလာသည့်ပြဿနာ ကိုင်တွယ်ရာတွင် ဘုရှ်အစိုးရ ပျက်ကွက်ကြောင်း ဒုသမ္မတဟောင်း ဝေဖန်

**ဝါရှင်တန် ဇွန် ၂၄**

အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ် အစိုးရအဖွဲ့သည် ကမ္ဘာကြီးပူနွေးလာသည့် ပြဿနာနှင့် ပတ်သက်၍ မြန်မြန်ဆန်ဆန် တုံ့ပြန်ရန် ပျက်ကွက်မှုရှိနေကြောင်း အမေရိကန် ဒုတိယသမ္မတဟောင်းဖြစ်သူ အယ်လ်ဂိုးက ဝေဖန်လိုက်သည်။

အမေရိကန် ပြည်ထောင်စုတစ်ဝန်းရှိ မြို့များအနေဖြင့် ရာသီဥတုပြောင်းလဲမှုအပေါ် အရေးယူမှုဆောင်ရွက်ရန် စတင် လှုပ်ရှားနေကြပြီဖြစ်ကြောင်း၊ အချိန်ကုန်ဆုံးနေပြီဖြစ်သော်လည်း ရာသီဥတုပြောင်းလဲမှုအပေါ် တန်ပြန်ဆင်နွှဲရမည့် တိုက်ပွဲသည် ပြီးဆုံးခြင်းမရှိသေးကြောင်း စသည်ဖြင့် အယ်လ်ဂိုးက ၎င်းရေးသားသည့် "အာအင်သည်ဘဲလင့်စ်" အမည်ရှိ စာအုပ်တွင် ဖော်ပြထားသည်။ အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းရှိ ဒေသဆိုင်ရာ မှန်လုံအိမ် ဓာတ်ငွေ့ရှေ့ပြေးဆောင်ရွက်မှုဌာန၊ အနောက်ပိုင်း အုပ်ချုပ်ရေးမှူးများ၏ ရာသီဥတုဆိုင်ရာ သဘောတူညီချက်နှင့် စီးပွားရေးလုပ်ငန်း သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဦးဆောင်ကောင်စီတို့သည် ရာသီဥတုပြဿနာကို ကိုယ့်အားကိုယ်ကိုးနည်းဖြင့် ဖြေရှင်းကြသည့် ပြယုဂ်များဖြစ်သည်ဟု အယ်လ်ဂိုးက ထောက်ပြထားသည်။

သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူရန်အတွက် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများကို မီးရှို့အသုံးပြုခြင်းကြောင့် ကမ္ဘာတစ်ဝန်းတွင် ပျမ်းမျှအပူချိန်သည် ဆဲလ်စီးယပ်စ်ဒီဂရီ ၁ ဒသမ ၈ မှ ၄ ဒသမ သုညအထိ မြင့်တက်လာနိုင်ပြီး ရေလွှမ်းမိုးမှုများ၊ တော်မီးလောင်မှု ခေါင်းပါးမှုများ၊ မုန်တိုင်းတိုက်ခတ်မှုများ ပေါ်ပေါက်လာနိုင်ကာ လူသန်းပေါင်းများစွာ အသက်ဆုံးရှုံးနိုင်သည်ဟု သိပ္ပံပညာရှင်များက ကြိုတင်ဟောကိန်းထုတ်ထားသည်။

လူသားမျိုးနွယ်များအနေဖြင့်သဘာဝနှင့် ထိပ်တိုက်တွေ့ဆုံမည့် လမ်းပေါ်သို့ ရောက်နေပြီဖြစ်ကြောင်း၊ ဘုရှ်အစိုးရသည် ရေနံကို အသုံးပြုသည့် နိုင်ငံဖြစ်နေကြောင်း အယ်လ်ဂိုးက အဆိုပါ စာအုပ်တွင် ဆက်လက်ရေးသားထားသည်။ ***အင်တာနက်။***




**တောင်ကိုရီးယားနိုင်ငံရှိ သင်္ဘောကျင်းတွင် ကုန်တင်သင်္ဘောကြီးတစ်စင်း တည်ဆောက်နေသည်ကို ဇွန် ၂၄ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-ကိုရီးယားရီဗျူး)

## လက်နက်တင်ပို့သော ရုရှားကုမ္ပဏီကို ပြင်ဆင်ဖွဲ့စည်းမည်

**မော်စကို ဇွန် ၂၄**

ရုရှားနိုင်ငံ၏ လက်နက်တင်ပို့သောလုပ်ငန်းကို လုပ်ကိုင်နေသော ရိုဆိုဘိုရွန်အိတ်စပို့စ် ကုမ္ပဏီကို ရုရှားသမ္မတ ဗလာဒီမာပူတင်၏အမိန့်ဖြင့် ပြန်လည်ဖွဲ့စည်းရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဇွန် ၂၄ရက်နေ့ထုတ် ကွန်မာဆတ် သတင်းစာတွင် ဖော်ပြထားသည်။

အသစ်ဖွဲ့စည်းမည့် ကုမ္ပဏီမှာ ရာရှင်တက်ကနော်လော်ဂျီဖြစ်သည်။ ထိုကုမ္ပဏီအသစ်သည် လက်နက်တင်ပို့သော လုပ်ငန်းကို လုပ်ကိုင်သည့် ရိုဆိုဘိုရွန်ကုမ္ပဏီ၏ လုပ်ငန်းအဝဝနှင့် ကာကွယ်ရေးပစ္စည်းထုတ် လုပ်ငန်းဖြစ်သော အိုဘိုရွန်ပရွန်းကုမ္ပဏီ၏ လုပ်ငန်းကိစ္စအားလုံးကိုလည်း ဆက်ခံလုပ်ကိုင်သွားမည်ဖြစ်သည်။ ရိုဆိုဘိုရွန်အိတ်စပို့စ်ကုမ္ပဏီ၏ အကြီးအကဲမှာ ဆဲလ်ကီးချီမာချော့ဖြစ်သည်။ ၎င်းကိုပင် ရာရှင်တက်ကနော်လော်ဂျီကုမ္ပဏီ၏ အကြီးအကဲအဖြစ် ဆက်လက်တာဝန်ပေးမည်ဟု သတင်းက ဖော်ပြသည်။ ***အင်တာနက်။***

# ဗီယင်နာမြို့တွင် လေပြင်းတိုက်ခတ် နှစ်ဦးသေဆုံး၊ အများအပြားဒဏ်ရာရ

**ဗီယင်နာ ဇွန် ၂၄**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကြာသပတေးနေ့က ရုတ်တရက် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းသဖြင့် ဆောက်လုပ်ရေးကရိန်းတစ်ခုနှင့် သစ်ပင်များ ပြိုလဲကျပြီး နှစ်ဦးသေဆုံးကာ လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

လေပြင်းတိုက်ခတ်ပြီး မိုးကြိုးပစ်ခတ်မှုများ ဖြစ်ပွားနေမှုကြောင့် ဗီယင်နာနိုင်ငံတကာလေဆိပ်ကို တစ်နာရီကြာ ပိတ်ထားခဲ့ရပြီး ညဘက်တွင် သွားလာမည့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးမှုများနှင့် ကြုံတွေ့ဖွယ်ရှိသည်ဟု ဩစတြီးယား သတင်းဌာနက ဖော်ပြသည်။ ဗီယင်နာမြို့ရှိ မီးသတ်ဌာနချုပ်၏ခေါင်မိုးသည် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးပြီး ဆောက်လုပ်ရေး ကရိန်းပြုတ်ကျခဲ့သဖြင့် ကရိန်းမောင်းသူ သေဆုံးသည်ဟု အဆိုပါဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အင်ဒိုနီးရှားနိုင်ငံသား ၇၆ ဦး အမေရိကန်၌ ထိန်းသိမ်းခံရ

**ဂျကာတာ ဇွန် ၂၄**

အမေရိကန်နိုင်ငံတွင် လူဝင်မှုကြီးကြပ်ရေး စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံသား ၇၆ ဦးကို ထိန်းသိမ်းထားကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၂၂ ရက်တွင် ပြောကြားသည်။

ပလတ်စတစ်ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသည့် အဆိုပါ အင်ဒိုနီးရှား နိုင်ငံသားများကို ဇွန် ၂၀ ရက်က ဖမ်းဆီးခဲ့ပြီး အကျဉ်းစခန်းများတွင် ထိန်းသိမ်းထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကရိစတီအန်တိုလီဂိုဝိုက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



**စပိန်နိုင်ငံတောင်ပိုင်း နိုင်ငံဖြတ်ကျော် မော်တော်ဆိုင်ကယ်စီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# ဖိလစ်ပိုင်တောင်ပိုင်းရှိ ရဲကင်းစခန်း သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်

**မနီလာ ဇွန် ၂၅**

သူပုန်များသည် ဖိလစ်ပိုင်တောင်ပိုင်းရှိ ရဲတပ်ဖွဲ့စခန်းကို တနင်္ဂနွေနေ့က ဝင်ရောက် တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ရိုင်ဖယ်သေနတ်ငါးလက် ဆုံးရှုံးသွားကြောင်း စစ်ဘက်ဆိုင်ရာ သတင်းက ဖော်ပြသည်။

စီးနင်းတိုက်ခိုက်ခံရသောနေရာမှာ နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်း ကာတာဘာတိုဒေသ၌ ဖြစ်သည်။ သောင်းကျန်းသူ ၂၀ မှ ၃၀ခန့် ဝင်ရောက်လာပြီး တိုက်ခိုက်သွားခြင်း ဖြစ်သည်ဟု ဗိုလ်မှူးကြီး ပက်ဒရိုဆီရီအာက ပြောကြားသည်။

ယခုတိုက်ခိုက်မှုသည် ၂၀၀၇ခုနှစ်အတွင်း ပထမဆုံး စီးနင်းတိုက်ခိုက်မှုဖြစ်သည်။ ပစ်ခတ်မှုကြောင့် ရဲအရာရှိတစ်ဦးသေဆုံးပြီး ရိုင်ဖယ်ငါးလက်နှင့် အခြား သေနတ်သုံးလက် ပါသွားသည်။

ယင်း အင်ပီအေ သူပုန်အဖွဲ့သည် အချိန်ကြာမြင့်စွာကတည်းက လှုပ်ရှားနေသော အဖွဲ့ဖြစ်သည်။ အစွန်းအဖျားရှိ ရဲစခန်းနှင့် စစ်ဘက်စခန်းများကို ဝင်ရောက်စီးနင်းပြီး လက်နက်နှင့်ခဲယမ်းများကို ယူဆောင်သွားလေ့ရှိသည်။

ထိုသူပုန်အဖွဲ့သည် ၁၉၈၀ပြည့်နှစ်အချိန်က အင်အား ၂၅၀၀၀ခန့် ရှိသော်လည်း ယခုအခါ အင်အား ၇၀၀၀သို့ ကျဆင်းသွားကြောင်း စစ်ဘက်ဆိုင်ရာများက ခန့်မှန်းထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ရာသီဥတုပြောင်းလဲမှု တိရစ္ဆာန်များကို ထိခိုက်နိုင်

**သည်ဟိဂ် ဇွန် ၂၄**

နိုင်ငံပေါင်း ၁၇၁ ပါဝင်သည့် ကုလသမဂ္ဂတောရိုင်းတိရစ္ဆာန်ဆိုင်ရာ ဖိုရမ်အစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် တိရစ္ဆာန်များ မထိခိုက်စေရေးအတွက် ကမ္ဘာ့နိုင်ငံများအရေးယူဆောင်ရွက်ရန် ကုလသမဂ္ဂမှ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဇွန် ၂၂ ရက်တွင် တိုက်တွန်းလိုက်သည်။

လူ့ပယောဂကြောင့် နာရီတိုင်းနာရီတိုင်း တိရစ္ဆာန် သို့တည်းမဟုတ် သစ်ပင် မျိုးစိတ်သုံးမျိုးတို့ ပျောက်ကွယ်လျက်ရှိနေကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ အစိုးရ အဖွဲ့များအနေဖြင့် သစ်ပင်မျိုးစိတ်နှင့် တိရစ္ဆာန်များ မျိုးတုံးပျောက်ကွယ်မှု နှေးကွေးသွားစေရန် ဆောင်ရွက်သင့်ကြောင်း ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများကြောင့် အဓိကပေါ်ပေါက်ခဲ့သည့် ကမ္ဘာကြီးပူနွေးမှုအန္တရာယ်လည်း ရှိနေသည်။

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများတွင် သစ်ပင်၊ တိရစ္ဆာန်မျိုးစိတ်များ ထိခိုက်မှုနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ရန်ဖြစ်ကြောင်း ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်၏ ဒုတိယအကြီးအကဲဖြစ်သူ ကာကက်ဟယ်က ပြောကြားသည်။

ရေနေသတ္တဝါနှင့် သစ်တောအရင်းအမြစ်များ အလျင်အမြန် ဆုံးရှုံးမှုအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***




**အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ခင်းကျင်းပြသသည့် ပုံစံငယ်ပြပွဲတွင် ပြသထားသော ရုပ်တုအချို့ကို ဇွန် ၂၃ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူး **Colonel Ngi Vanndim** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Colonel Rumdas Cheav** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး **Colonel Yoshihiko IZAKI** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Colonel Mitsugi SARATANI** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

# လာအိုနိုင်ငံပြည်သူ့တော်လှန်ရေးပါတီ လူထုအဖွဲ့ အစည်းများရေးရာဦးစီးဌာန ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဇွန် ၂၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့တော်လှန်ရေးပါတီ လူထုအဖွဲ့အစည်းများရေးရာဦးစီးဌာန ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Boun Nhang Xaysanavong ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။**

**ကြိုဆိုနှုတ်ဆက်**

အဆိုပါ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kouily. A. Souphakhet နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၆–၆–၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၇။ ပညာခေတ်
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၃၀** ၁၁။ အမျိုးသားရေးတေးကဗျာ
- **၆:၃၅** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြင်မြင်ချင်းပဲကွယ်" (အပိုင်း–၆)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အထူးရဲ" (အပိုင်း–၁၉)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

# ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ၁၀ ရက် တရားစခန်းပွဲ

**ရန်ကုန် ဇွန် ၂၅**

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၅၂)ကြိမ်မြောက် တရားစခန်းပွဲကို (၁၃၆၉ ခု ပထမဝါဆိုလပြည့်ကျော် ၃ ရက်) ဇူလိုင် ၂ရက် (တနင်္လာနေ့) ညနေအရောက် ယောဂီများလာကြရမည် ဖြစ်သည်။

တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပုပ္ပား(၂) ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) ဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ဟောကြားကြမည်ဖြစ်၍ ယောဂီများ အနေဖြင့် လူကိုယ်တိုင်ဖြစ်စေ ဖုန်း–၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(က–ပ)

# ဘိန်းစိုက်ပျိုးမှုမှာ နှစ်စဉ် လျော့နည်းကျဆင်းလျက်ရှိ မူးယစ်ဆေးဝါးသုံးစွဲသူများ တစ်နှစ်ထက်တစ်နှစ် ကျဆင်း

နေပြည်တော် ဇွန် ၂၆

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သည့်သဝဏ်လွှာ—**

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလျက်ရှိနေကြမည်ဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့နိုင်ငံတစ်ဝန်းရှိ ပြည်နယ်/တိုင်းအသီးသီးတွင်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများကို တူညီသောရည်မှန်းချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ဒီနှစ်မှာကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ရဲ့ ဦးတည်ချက်နှင့်ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)မှ ချမှတ်ပေးလိုက်သော ၂၀၀၇ ခုနှစ်ဆောင်ပုဒ်မှာ **"မူးယစ်ဆေးက မင်းဘဝကိုလွှမ်းမိုးနေသလား...မင်းဘဝ မင်းပတ်ဝန်းကျင်မှာ မူးယစ်ဆေးအတွက် နေရာမရှိ..."** Do drugs Control Your Life? Your Life, Your Community. No Place for drugs ဟူ၍ ဖြစ်ပါသည်။

အဆိုပါ ဆောင်ပုဒ်၏ရည်ရွယ်ချက်မှာ မူးယစ်ဆေးဝါးအန္တရာယ်ဟာ အများအားဖြင့် လူငယ်များအတွင်း ထိုးဖောက်ဝင်ရောက်နေရာယူနေတာဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် HIV/AIDS စတဲ့ ရောဂါတွေဖြစ်ပွားပြီး လူငယ်များဘဝဟာ ပန်းတိုင်မရောက်ခင် ပျက်စီးဆုံးရှုံးသွားရတာများပါသည်။ ထို့ကြောင့် လူငယ်များဘဝအတွင်းရော လူသားအားလုံးရဲ့ ဘဝပတ်ဝန်းကျင်တစ်ခုလုံးမှာပါ မူးယစ်ဆေးဝါးဆိုတဲ့ အန္တရာယ်ဆိုးကြီး ဝင်ရောက်မလာနိုင်ရန် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင် နေရာမပေးဘဲ တွန်းလှန်ဖြိုဖျက်ပစ်ရမည်ဆိုသည့် အဓိပ္ပာယ်ကို ဖော်ညွှန်းလိုက်ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါဆောင်ပုဒ်နှင့်အညီ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးနှင့် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် မိမိတို့ဒေသ အသီးသီးတွင် မူးယစ်ဆေးဝါး အလွဲသုံးစွဲမိသဖြင့် ဆေးစွဲသူဘဝ ရောက်ရှိနေသူများအား မူးယစ်ဆေးဝါး၏လွှမ်းမိုးမှုမှ ကင်းဝေးစေရန်နှင့် ဘဝတစ်သက်တာ မူးယစ်ကင်းစင်သည့်ဘဝ ပြန်လည်ရောက်ရှိအောင် ပညာပေးပြုစုကုသရေးဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ၁၅ နှစ်စီမံကိန်းရေးဆွဲပြီး ၁၉၉၉–၂၀၀၀ ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိရာ ပထမ(၅)နှစ် စီမံကိန်းကာလ ရည်မှန်းချက်များအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယ (၅)နှစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဘိန်းစိုက်ပျိုးမှုမှာလည်း နှစ်စဉ်လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ မြန်မာ–အမေရိကန် နှစ်နိုင်ငံဘိန်းအထွက်နှုန်း တိုင်းတာခြင်းနှင့် မြန်မာ–UNODCတို့ ပူးပေါင်း၍ တရားမဝင်ဘိန်းစိုက်ပျိုးမှုမြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်း အစီရင်ခံစာများအရ သက်သေခံလျက်ရှိပါသည်။

ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ မူးယစ်ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့များဖြစ်သည့် ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းအဖွဲ့၊ ကျောင်းသားလူငယ်များ အသိပညာပေးရေးလုပ်ငန်းအဖွဲ့နှင့် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေး လုပ်ငန်းအဖွဲ့များမှလည်း စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ရေးအတွက် သက်ဆိုင်ရာ ဆရာ/ဆရာမများမှ ပညာပေးဆွေးနွေးခြင်း၊ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာစသည့် ပြိုင်ပွဲများတွင် ကျောင်းသားလူငယ်များအား အဓိကပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကို များစွာအထောက်အကူဖြစ်စေခဲ့ပါသည်။

အဆိုပါ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကျန်းမာရေးဦးစီးဌာနမှ ဆေးကုဌာနကြီး ၂၆ ခုနှင့် ဆေးကုဌာနငယ် ၄၀ဖြင့် မူးယစ်ဆေးစွဲသူများအား ဆေးကုသပေးလျက်ရှိပါသည်။ ဆေးဝါးကုသမှုခံယူပြီးနောက် ပြန်လည်ထူထောင်ရေးစခန်း ခုနစ်ခုကို ပြည်နယ်/တိုင်းများတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး မူးယစ်ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွှေပြည်သာနှင့် ရွှေပြည်အေး လူငယ်ပြုစုပျိုးထောင်ရေးစခန်း နှစ်ခုကို ဖွင့်လှစ်၍ မူးယစ်ဆေးစွဲသူများ ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်နယ်/တိုင်းများအလိုက် မူးယစ်ဆေးဝါးသုံးစွဲသူများ အခြေခံစာရင်းကောက်ယူရေးလုပ်ငန်းအရ ၂၀၀၄ ခုနှစ်တွင် မူးယစ်ဆေးသုံးစွဲသူ ၆၃၆၁၅ဦး ရှိရာမှ ၂၀၀၇ ခုနှစ် ဇန်နဝါရီလအထိ စာရင်းကောက်ယူရာတွင် ၅၆၈၂၃ ဦးသာရှိကြောင်း တွေ့ရှိရသဖြင့် မူးယစ်ဆေးဝါး သုံးစွဲသူများဟာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်မှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သူများကို ထိထိရောက်ရောက် ဖမ်းဆီးတရားစွဲဆိုနိုင်ခဲ့ခြင်းမှာလည်း တားဆီးရေးကဏ္ဍ၏ အောင်မြင်မှုပင်ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၀၇ ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် **"မူးယစ်ဆေးက မင်းဘဝကို လွှမ်းမိုးနေသလား...မင်းဘဝ မင်းပတ်ဝန်းကျင်မှာ မူးယစ်ဆေးအတွက် နေရာမရှိ..."** Do drugs Control Your Life? Your Life, Your Community. No Place for drugs ဟူသော ဆောင်ပုဒ်နှင့်အညီ လူသားတစ်ရပ်လုံး၏ ဘဝပတ်ဝန်းကျင်တစ်ခုလုံး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် ပြည်သူလူထုတစ်ရပ်လုံး လက်တွဲညီညီ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။



**အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူး၍ မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက်က ပိန္နဲကုန်းရပ်ကွက် သဲအင်းဂူအရိယာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ယုနိုင်က ပိန္နဲကုန်းရပ်ကွက်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ ဈေးကုန်းအရှေ့ရပ်ကွက်၊ မြို့သစ် (ဂ)ရပ်ကွက်၊ ပေါက်တောရပ်ကွက်များမှ ပြည်သူများအား ပညာပေးဟောပြောစဉ်။**

(က–ပ)

**အမှိုက်ကစ ပြဿနာ မီးလောင် မူးယစ်ဆေးကို ဝေးဝေးရှောင်**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
၂၆–၆–၂၀၀၇

**International Day Against Drug Abuse and Illicit Trafficking 26-6-2007**

မူးယစ်ဆေးက မင်းဘဝကို လွှမ်းမိုးနေသလား



**Do drugs control YOUR LIFE?**

**Your life. Your community. No place for drugs.**

မင်းဘဝ မင်းပတ်ဝန်းကျင်မှာ မူးယစ်ဆေးအတွက် နေရာမရှိ

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆုံးခန်းတိုင်ရောက်ရှိအောင် ကူညီထောက်ပံ့မည့် အလားအလာများ တိုးတက်ရရှိမည်မျှော်လင့်

နေပြည်တော် ဇွန် ၂၆

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု ပပျောက်ရေးနေ့ အခမ်းအနားသို့ UNODC အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာ အင်တိုနီယို မာရိယာ ကော့စတာ ပေးပို့သော သဝဏ်လွှာ—**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု ပပျောက်ရေးနေ့ဟူ၍ ကျွန်ုပ်တို့ သတ်မှတ်ကျင်းပနိုင်လောက်အောင်ပင် မူးယစ်ဆေးဝါးစွဲခြင်းဟူသော အရှိန်အဟုန်ပြင်းထန်လှသည့် ဖြစ်စဉ်ကြီးကို အရှိန်လျှော့ချနိုင်ခဲ့ပြီဟု ယူဆနိုင်မည့် အပြုသဘောဆောင်သော အခြေခံကောင်းများရှိခဲ့ပြီ ဖြစ်ပါသည်။ UNODCက ယနေ့ထုတ်ပြန်ခဲ့သော ၂၀၀၇ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာတွင်လည်း ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း အထောက်အထားများဖြင့် ဖော်ပြထားပါသည်။ တရားမဝင် မူးယစ်ဆေးဝါးများဖြစ်ကြသော ကိုကင်း၊ ဟီးရိုးအင်း၊ ဆေးခြောက်နှင့် ATS အားလုံးလိုလိုပင် စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် အလွဲသုံးခြင်းကဏ္ဍအသီးသီး၌ တည်ငြိမ်မှုလက္ခဏာများကို တွေ့ရပါသည်။

အခြားထင်ရှားသော ပြဿနာများကား ကျန်ရှိနေဆဲဖြစ်ပါသည်။ သာဓကအနေဖြင့် အာဖဂန်နစ္စတန် နိုင်ငံတောင်ပိုင်းမှ ဘိန်းပြဿနာဖြစ်ပြီး ယင်းပြဿနာက ကင်ဆာရောဂါသဖွယ် နိုင်ငံလုံခြုံရေးနှင့် ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိပြီး အဂတိလိုက်စားမှုကိုလည်း ရှင်သန်ပွားများစေပါသည်။ ထို့ပြင် အချို့နိုင်ငံများ၌ တိုးတက်အောင်မြင်မှုများ ရရှိစေကာမူ အခြားနေရာများ၌ အနုတ်လက္ခဏာဆောင်သော အလားအလာများကြောင့် တစ်ဖက်စောင်းနင်း ဖြစ်စေပါသည်။ ကိန်းဂဏန်း အချက်အလက်ဆိုင်ရာများ ချို့တဲ့ခြင်းကြောင့် ကမ္ဘာ့အကြီးဆုံးနှင့် ဖွံ့ဖြိုးမှုနှုန်း မြန်ဆန်သော နိုင်ငံကြီးအချို့တွင် ဖြစ်တည်နေသော မူးယစ်ဆေးဝါး အခြေအနေကို ကောက်ချက်ချရန် ခက်ခဲလျက်ရှိပါသည်။ မည်သို့ဆိုစေကာမူ ကမ္ဘာတစ်ဝန်းရှုမြင်ပါက ယင်းပြဿနာကို ထိန်းချုပ်ကန့်သတ်နိုင်ခဲ့သည်ဟု မြင်နိုင်ပေသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းကပင် ကမ္ဘာ့မူးယစ်ဆေးဝါး အခြေအနေမှာ တည်ငြိမ်ခဲ့ပြီးဖြစ်ပေသည်။

ဤသို့ဆိုခြင်းကြောင့် မူးယစ်ဆေးဝါးပြဿနာ လုံးဝ ဖြေရှင်းခဲ့ပြီးဖြစ်သည်။ သို့မဟုတ် ကျွန်ုပ်တို့အနေဖြင့် ကျေနပ်ရောင့်ရဲနိုင်ပြီဟု ဆိုလိုခြင်းမဟုတ်ပေ။ မူးယစ်ဆေးဝါးများကြောင့် ကြောက်မက်ဖွယ်ရာဆေးစွဲမှု၊ လုံခြုံရေးနှင့် ကျန်းမာရေးကို ဆိုးရွားစွာ အန္တရာယ်ပြုနိုင်မှု၊ ကမ္ဘာတစ်ဝန်းမှ လူ့အသက်ပေါင်း သန်းနှင့်ချီ၍ ပျက်စီးစေနိုင်မှုစသည့် အန္တရာယ်များကား တည်ရှိနေဆဲပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ဆက်လက်ဆောင်ရွက်ရန် များစွာရှိနေပါသေးသည်။ ထို့ကြောင့် မိမိတို့၏ အရှိန်ကိုလျှော့မပစ်ဘဲ ယနေ့ အထိမ်းအမှတ်အခမ်းအနားတွင် သင်တို့ အစိုးရများ၊ မိသားစုများ၊ မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များအား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ဆက်လက် အားထုတ်ကြိုးပမ်းကြရန် ကျွန်ုပ်အနေဖြင့် တိုက်တွန်းအားပေးကြောင်း ဖော်ပြအပ်ပါသည်။

ဘိန်းနှင့် မူးယစ်ဆေးဝါးများမှ ရရှိနိုင်သော တရားမဝင်ဝင်ငွေများအပေါ် စိုက်ပျိုးရေး သမားများက မက်မောတပ်မက်နေသည့် အားနည်းချက်ကို လျှော့ချနိုင်အောင် အထောက်အပံ့ များပိုမိုပေးအပ်ရန် လိုအပ်နေဆဲ ဖြစ်ပါသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်သူများနှင့် သယ်ဆောင်ရောင်းဝယ်သူများ လုံးဝရပ်တန့်သွားစေရန် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထပ်လောင်းမြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးများကို ထုတ်လုပ်ရာအရင်းအမြစ်များ၌ အပြီးအပိုင်ချေမှုန်းဖယ်ရှားခြင်း၊ သယ်ဆောင်ဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက်၌ ဖမ်းဆီးပစ်ခြင်း ဆောင်ရွက်နိုင်လျှင်ပင် လူသန်းပေါင်းများစွာသော မူးယစ်ဆေးစွဲသူများကလည်း ၎င်းတို့၏ မူးယစ်ဆေးစွဲသည့်ပြဿနာကို ဖြေရှင်းနိုင်ရန် နည်းလမ်းရှာနေကြဦးမည် ဖြစ်ပါသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် အမြင့်ဆုံး ဦးစားပေးအစီအစဉ်များအဖြစ် ကြိုတင်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအပေါ် အမှီအခိုကင်းစေရေးအတွက် ကူညီစောင့်ရှောက်ရေးနှင့် မူးယစ်ဆေးစွဲသူများအား လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့ရေးတို့ကို သတ်မှတ်ဆောင်ရွက်သင့်ပါသည်။

မူးယစ်ဆေးဝါးစွဲခြင်းမှာ ရောဂါတစ်မျိုးဖြစ်ပြီး ယင်းကို ကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်း ပြုနိုင်ကြောင်း သိရှိနားလည်မှုများ တိုးတက်လာသည်ကို တွေ့မြင်ရသဖြင့် အားတက်ဖွယ်ရာ ဖြစ်ပါသည်။ ဤနယ်ပယ်တွင် ပိုမိုရင်းနှီးမြှုပ်နှံရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်း၏ ကျန်းမာရေးရင်းနှီးမြှုပ်နှံမှုများဖြစ်သော HIV ရောဂါ၊ ဆီးချိုရောဂါနှင့် တီဘီ(အဆုတ်နာ)ရောဂါ တို့ကိုကုသရန် ရင်းနှီးမြှုပ်နှံရသည့် ပမာဏအတိုင်းရှိသင့်ပါသည်။

လာမည့်နှစ်များအတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ဆုံးခန်းတိုင်ရောက်ရှိအောင် ကူညီထောက်ပံ့မည့် အလားအလာများ တိုးတက်ရရှိလာလိမ့်မည်ဟုမျှော်လင့်ရပါသည်။ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းများ၊ ကမ္ဘာ့မိသားစုဝင်နိုင်ငံများနှင့် ကျွန်ုပ်တို့အားလုံးက မိမိတို့၏ကျရာတာဝန်ကို ဆက်လက်ပခုံးပြောင်း ထမ်းရွက်ကြမည်ဆိုပါက ဆက်လက်တိုးတက်မှုများကို ဆောင်ကြဉ်းရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။





☆ **ကျောဖုံးမှ**

ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာန အသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အသင်းခေါင်းဆောင်များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အလေးပြု**

ရှေးဦးစွာ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများသည် ပြိုင်ပွဲကျင်းပမည့် အမှတ်(၁) နေပြည်တော် အားကစားကွင်းအတွင်း နေရာယူကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌအား အလေးပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲသည် နေပြည်တော်၌ ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပသည့် ဘောလုံးပြိုင်ပွဲဖြစ်ပြီး တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးအပါအဝင် ဝန်ကြီးဌာနပေါင်း ၃၅ခု ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ကြောင်း၊ ဤပြိုင်ပွဲသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ Notional Fitness အမျိုးသားကျန်းမာ ကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ အပန်းဖြေမှုဖြစ်သကဲ့သို့ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြစ်စေရန်၊ ဝန်ထမ်းများတက်ကြွရွှင်လန်းစွာဖြင့် မိမိတို့၏ တာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရန် ဆိုသည့် ရည်ရွယ်ချက် (၃)ရပ်ဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကိုလည်း အခြားသော ကဏ္ဍများနည်းတူ ဦးစားပေး ဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊နိုင်ငံတော်ကချမှတ်ထားသည့် လူမှုရေး ဦးတည်ချက်(၄)ရပ် အနက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် ဦးတည်ချက်သည် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းများနှင့် တိုက်ရိုက် ပတ်သက်နေသည့် ဦးတည်ချက်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်၌ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို ရေတို၊ရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာ့အားကစားကမ္ဘာကိုလွှမ်းစေရမည်ဆိုသည့် မြင့်မားပြီး တိကျပြတ်သားသည့် ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ

- အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။
- အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်။
- အားကစား တိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်ဆိုသည့် ခံယူချက်များကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

**ပိုမိုအောင်မြင်**

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေနှင့် ဆောင်ရွက်နေချိန်တွင် ဘောလုံးအားကစားနည်းသည် တစ်မျိုးသားလုံး စိတ်ဝင်စားဆုံး အားကစားနည်းဖြစ်၍ မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လူရွေးချယ်ရေးစီမံချက်၊ လေ့ကျင့်ရေးစီမံချက်၊အောင်နိုင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်နေကြောင်း၊ ထို့အတူ လူအများစု ပါဝင်ကစားသည့် လူထုဘောလုံးအားကစားမှ အဆင့်မြင့်ကျွမ်းကျင်သူများပါဝင်သည့် ထူးချွန်ဘောလုံးအားကစားအဖြစ် ကူးပြောင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ဘောလုံးပြိုင်ပွဲသည် ဝန်ထမ်းများအဆင့် လူထုဘောလုံးအားကစားပြိုင်ပွဲပင်ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲများမှ တစ်ဆင့် ဘောလုံးအားကစားနည်းကို ဝန်ထမ်းများ စိတ်ပါဝင်စားကစားလာကြပြီး ဝန်ထမ်းများ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ပျော်ရွှင်ရေး၊ အချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်ရေးတို့ကိုဦးတည်ပါကြောင်း။

**ဖွင့်လှစ်ပေး**

ထို့ကြောင့် ယင်းဦးတည်ချက်ကို ထိန်းသိမ်းရင်း ဝန်ထမ်းများ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် ပျော်ရွှင်စွာယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ နိဂုံးချုပ်အနေနှင့် ယနေ့နေပြည်တော်၌ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားများအားလုံး အားကစားသမားကောင်းများ၏ အမူအကျင့်နှင့် ပင်ကိုစွမ်းရည်များကို ဖော်ထုတ်ယှဉ်ပြိုင်သွားကြပါ၊ အားကစားသမား အချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အသန့်ရှင်းဆုံး ယှဉ်ပြိုင်ကစားကြပါ၊ ထိုမှတစ်ဆင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးရော၊ အရည်အချင်းပါ ထက်မြက်မြင့်မားသည့် ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားပြီး ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများသည် အားကစားသစ္စာ ဓိဋ္ဌာန်များ ရွတ်ဆိုကြပြီး ကွင်းအတွင်း စနစ်တကျပြန်လည်ထွက်ခွာသွားကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၅ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နေပြည်တော် အားကစားကွင်း၊ လယ်ဝေးမြို့နယ် အားကစားကွင်းနှင့် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းတို့၌ အုပ်စု(၈)စုခွဲ၍ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇွန် ၂၅ ရက်မှ ဇူလိုင် ၁၅ ရက်အထိလည်းကောင်း၊ ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၇ ရက်မှ ၂၉ ရက်အထိလည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁ ရက်မှ ၄ ရက်အထိလည်းကောင်း၊ အကြိုဗိုလ်လုပွဲများကို ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင်လည်းကောင်း သတ်မှတ်အားကစားကွင်းများ၌ ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၁၀ ရက်တွင် အမှတ်(၁)နေပြည်တော်အားကစားကွင်း၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

## ကြည့်ရှုအားပေး

**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

## ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကာကွယ်ရေးနှင့် စွမ်းအင်တို့ ပွဲဦးထွက် ယှဉ်ပြိုင်ကစား

**နေပြည်တော် ဇွန် ၂၅**

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအုပ်စုပွဲစဉ်ကို ယနေ့ ညနေ ၄နာရီတွင် အမှတ်(၁)နေပြည်တော်အားကစားကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းတို့ ပွဲဦးထွက် ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ကိုး‌ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဇွန် ၂၆ရက် နံနက် ၇နာရီခွဲတွင် အုပ်စု(င)မှ သာသနာရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်း၊ ညနေ ၄နာရီတွင် အုပ်စု(စ)မှ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဘောလုံးအသင်းတို့သည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌လည်းကောင်း၊ အုပ်စု(စ)မှ ရှေ့နေချုပ်ရုံး ဘောလုံးအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့သည် လယ်ဝေးမြို့နယ် အားကစားကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

## NLD ပါတီသည် ပြည်ပနိုင်ငံကြီးအချို့ကို မှီခိုအားထားလွန်းပြီး သူ့ကျွန်ဘဝရောက်အောင်ရှေးရှုလုပ်ဆောင် ပြည်ပမှ ပေးကမ်းထောက်ပံ့စာဖြင့် ရပ်တည်လှုပ်ရှားနေသော ခေါင်းဆောင်အချို့ကြောင့် တိုင်းပြည်နှင့်လူမျိုးအတွက် ယုံကြည်မျှော်လင့်နိုင်ခြင်းမရှိ မြောင်မြို့နယ်မှ ပါတီဝင်ငါးဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဇွန် ၂၅**

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မရိုးကုန်းကျေးရွာနေ ဦးဘိုကျော်၊ ဦးမျိုးတင့်၊ မအေးအေးခိုင်၊ ဦးညွန့်ရှိန်နှင့် ဦးဆွေငြိမ်းတို့သည် ဇွန် ၁၆ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပြည်ပနိုင်ငံကြီးအချို့ကို မှီခိုအားထားလွန်းပြီး နိုင်ငံနှင့်လူမျိုး သူ့ကျွန်ဘဝရောက်အောင် ရှေးရှုလုပ်ဆောင်နေကြောင်း၊ ပြည်ပမှ ပေးကမ်းထောက်ပံ့စာများဖြင့် ရပ်တည်လှုပ်ရှားနေသော ခေါင်းဆောင်ပိုင်းအချို့ကြောင့် ၎င်းတို့သာ အာဏာရပါက တိုင်းပြည်နှင့်လူမျိုး၏ အကျိုးကို မည်သို့မျှ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်မျှော်လင့်နိုင်ခြင်းမရှိသဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၆-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Every day Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၁၅ ၆။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆:၅၀ ၁၁။ **"မြန်မာလိုလုစေချင်သည်" [ကြည့်စိုး (IC) မျိုးမောင်မောင်သီဟ၊ ရတနာခင်၊ဝါဝါအောင်] (ဒါရိုက်တာ–ရိုးရိုး)**
- ၇:၀၀ ၁၂။ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ
- ၇:၁၀ ၁၃။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၇:၂၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သန်းတစ်ရာရွှေအိပ်မက်" (အပိုင်း–၁၁)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ဒုတိယချစ်ပုံပြင်" (အပိုင်း–၂၂)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

✧ ကျောဖုံးမှ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက ဦးဆောင်ပြီး ပြည်နယ်/တိုင်း/မြို့နယ်များက တာဝန်ရှိသူများ စုစည်းရောက်ရှိလာကြသည့် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မိမိတို့လုပ်ငန်းများနှင့်ဆက်နွယ်ပြီး အလေးထားဆောင်ရွက်သွားရမည့် မူဝါဒ ပိုင်းဆိုင်ရာကို ဦးစွာမှာကြားသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်၊တိုင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၏ တာဝန်ရှိသူများသည် မြို့များ၊ ရွာများ စည်ပင် သာယာပြီးဖွံ့ဖြိုးတိုးတက်ရန် မိမိတို့ဒေသများ၌ လက်တွေ့ဆောင်ရွက်နေကြ သူများဖြစ်ပြီး လက်တွေ့ဆောင်ရွက်နေမှုများကိုလည်း နေ့စဉ်သတင်းစာများ ထဲတွင် မြင်တွေ့နေရကာ ၎င်းမြင်ကွင်းများသည် တချို့တစ်ဝက်သာဖြစ်ပြီး လက်တွေ့တွင် ယင်းထက်မက ကြိုးစားဆောင်ရွက်နေကြကြောင်း။

စည်ပင်/သာယာဆိုသည့် အခေါ်အဝေါ်အတိုင်း စည်ပင်မှုနှင့် သာယာမှု ဆိုသည့် အပိုင်းနှစ်ပိုင်းစလုံး အဓိပ္ပာယ်ကိုယ်စီရှိကြကြောင်း၊ စည်ပင်ရေးအတွက် လူများအလွယ်တကူ ကူးသန်းသွားလာနိုင်ရန်၊ စည်စည်ကားကားဖြင့် ရောင်းဝယ်ဖောက်ကားနိုင်ရန် လမ်းများ၊ တံတားများ ကောင်းရန်ပြုပြင် တည်ဆောက်ရကြောင်း၊ အဆိုပါ လမ်းများ၊ တံတားများပေါ်၌ လူများဥဒဟို ကူးသန်းသွားလာရောင်းဝယ်ဖောက်ကားနေခြင်းအားဖြင့် မြို့များ၊ ရွာများတွင် အသွားအလာများပြားပြီး စည်ပင်နေမည်ဖြစ်ကြောင်း။

သာယာရေးအတွက်ဆိုလျှင် မြို့သူမြို့သားများ၊ ရွာသူရွာသားများ စိတ်ချမ်းချမ်းသာသာနှင့် ပျော်ပျော်ရွှင်ရွှင်ရှိရန် မြို့များ၊ ရွာများကို သာယာရေး၊ သန့်ရှင်းရေး၊ သပ်ရပ်လှပရေး ပြုပြင်ဖန်တီးပေးရန်ဖြစ်ကြောင်း။

ပေးရေး၊ ကျေးရွာကထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ မြို့ပေါ်တက် ရောင်းချ နိုင်ရန်အတွက် ကျေးရွာနှင့်မြို့ဆက်သွယ်သောလမ်းများ ကောင်းအောင် ဖောက်လုပ်ပြုပြင်ပေးရန်တာဝန်ရှိသကဲ့သို့ မြို့များ၊ ရွာများသန့်ရှင်းသာယာ လှပအောင် သစ်ပင်ပန်းမန်များဖြင့် ဖန်တီးပေးရန်လည်း တာဝန် ရှိကြောင်း။

အဆိုပါလုပ်ငန်းများအပြင် မြို့များ၊ ရွာများ၌ မီးရရှိရေး၊ ရေရရှိရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မြို့များ၊ ရွာများ စည်ပင်သာယာရေးသည် စီးပွားရေးနှင့်ကျန်းမာရေးကို အထောက်အကူပြုစေသည်သာမက လူမျိုး၏အဆင့်အတန်းကိုလည်း ဖော်ညွှန်း ပြခြင်းဖြစ်သည့်အတွက် အဆင့်အတန်းရှိသည့်လူမျိုး၊ အဆင့်အတန်းမြင့်သည့် လူမျိုးအဖြစ် နိုင်ငံခြားသားခရီးသွားများ၏အမြင်တွင် မှတ်ထင်သွားစေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံနှင့်လူမျိုး၏ဂုဏ်သိက္ခာအတွက် မြို့များ၊ ရွာများ အမြဲတမ်းသန့်ရှင်းသာယာလှပနေအောင် ကြိုးပမ်းဆောင်ရွက်သွား ကြရန် ပြောကြားလိုကြောင်း။

မြို့သူ မြို့သား၊ ရွာသူရွာသားများကိုလည်း အမှိုက်ကိုစနစ်တကျ စွန့်ပစ်စေရေး၊ မိမိအိမ်၊ မိမိဈေးဆိုင်ပတ်ဝန်းကျင်ကို သန့်ရှင်းနေစေရေး၊ နေ့စဉ်ရှင်းလင်းစေရေး၊ အညစ်အကြေးများကို စနစ်တကျစွန့်ပစ်စေရေး၊ ယင်လုံအိမ်သာသုံးစွဲစေရေးနှင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပြီး ပညာပေးရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက်လုပ်သွား ကြရန်လိုအပ်ကြောင်း။



# စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေး နှစ်စဉ်ပြင်ဆင်ထိန်းသိမ်း လမ်း၊ တံတားများ၏ ခံနိုင်ဝန်နှင့်အညီ သင့်တော်သောယာဉ်များ သွားလာမှုအပေါ် ကြပ်မတ်ပေး

မြို့များ၊ ရွာများသန့်ရှင်းရေးအတွက် မြို့များ၊ ရွာများတွင် အမှိုက်သရိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများမရှိအောင် ရှင်းလင်းရမည်၊ ချိုင့်ခွက်များ၊ ဗွက်အိုင်များ မရှိအောင် ပြုပြင်ပေးရမည်ဖြစ်ကြောင်း၊ ဈေးများ၊ ကျောင်းများ သန့်ရှင်းအောင် အမြဲလုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ သန့်ရှင်းမှုအတွက် အမှိုက်ပုံများ မရှိအောင် သိမ်းဆည်းခြင်း၊ တံမြက်စည်းလှည်းခြင်းများကို အဓိကထား မှန်မှန်လုပ်သွားလျှင်ပင် မြို့ရွာများ သန့်ရှင်းလာမည်ဖြစ်ကြောင်း။

လှပရေးအတွက် သစ်ပင်ပန်းမန်ဖြင့် အလှဆင်ရမည်ဖြစ်ကြောင်း၊ ဆေးသုတ်၊ ထုံးသုတ်ခြင်းများသည် ခဏပန်းအားဖြင့် လှပသပ်ရပ်သော်လည်း ရေရှည်မခံသည့်အပြင် ငွေအကုန်အကျလည်းများကြောင်း၊ ထို့ကြောင့် မြို့များ ရွာများကို သစ်ပင်ပန်းမန်များဖြင့် အလှဆင်ခြင်းသည် ရေရှည်ခံပြီး ငွေကုန် ကြေးကျနည်းသည်ဖြစ်၍ အကောင်းဆုံးနည်းလမ်းပင်ဖြစ်ကြောင်း။

မြို့များ၊ ရွာများကိုသန့်ရှင်းသပ်ရပ်လှပအောင် ပြုပြင်တည်ဆောက်ခြင်း သည် မြို့သူ၊ မြို့သား၊ ရွာသူ၊ ရွာသားများအား စိတ်ချမ်းသာကြည်နူးမှုကို ဖြစ်ပေါ်စေသည်သာမက ကျန်းမာရေးအတွက်များစွာ အထောက်အကူဖြစ်စေ ကြောင်း၊ အမှိုက်ပုံများရှိနေလျှင် ကြွက်များ၊ ခွေးများ၊ ယင်ကောင်များမှတစ်ဆင့် ရောဂါများပြန့်ပွားလာနိုင်သကဲ့သို့ ဗွက်အိုင်များ၊ ရေအိုင်များရှိနေလျှင်လည်း ခြင်များ၊ ယင်များပေါက်ဖွားပြီး ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါနှင့် ဝမ်းလျှော၊ ဝမ်းပျက်ရောဂါများ ဖြစ်ပွားလာနိုင်သဖြင့် မြို့ရွာများသန့်ရှင်းအောင် အမြဲဂရုပြု လုပ်ဆောင်သွားကြရန်မှာကြား လိုကြောင်း။

ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့၏လုပ်ငန်းများသည် သာမန်လုပ်ငန်း များဟုထင်ရသော်လည်း လူသားများအတွက် ကျန်းမာအောင်၊ ပျော်ရွှင်အောင်၊ စိတ်ကြည်နူးအောင် စိတ်ချမ်းမြေ့အောင်ဆောင်ကြဉ်းပေးနိုင်သော လုပ်ငန်းများ ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

သို့ဖြစ်၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၊ အင်ဂျင်နီယာမှူးများ သည် မိမိတို့တာဝန်ယူရသည့် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့များ၊ ရွာများတွင် လမ်းများ၊ တံတားများကောင်းအောင်ပြုပြင်မွမ်းမံရေး၊ တစ်ရွာနှင့် တစ်ရွာ ဆက်သွယ်သွားလာနိုင်အောင် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ် မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီး (၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိသကဲ့သို့ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးစသည့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်မှုရှိနေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိကြောင်း။

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းလုပ်ငန်းစဉ်(၅)ရပ်အနက် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်နေကြရခြင်းဖြစ်ကြောင်း။

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ကျေးလက် ဒေသ ထွက်ကုန်သီးနှံများကို ဈေးကွက်သို့အလွယ်တကူ အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအဆင်ပြေလွယ်ကူစေရေး၊ ကျေးလက်နှင့်မြို့ပြ ကွာဟမှု နည်းပါးနိုင်စေရေးတို့အတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာမှမြို့သို့ဆက်သွယ်သည့် လမ်းများကို စည်ပင်သာယာရေးအဖွဲ့များ အနေဖြင့် တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြရခြင်း ဖြစ်ကြောင်း။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းတံတား စီမံကိန်း ကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှစပြီး နှစ်(၃၀)နှစ်ရှည်စီမံကိန်းအဖြစ် ရေးဆွဲဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ဒုတိယ(၅)နှစ်စီမံကိန်း၏ ပထမနှစ် ဖြစ်သော ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်းမိုင်ပေါင်း ၂၄၈၅၄မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ကျေးလက်တံတားပေါင်း ၄၇၄၄စင်း ဆောက်လုပ်ပေးနိုင်ခဲ့ခြင်းကို သိရကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မိမိတာဝန်ယူရသည့် လမ်းတံတား များ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ လမ်း၊ တံတားများ၏ ခံနိုင်ဝန်နှင့်အညီ သင့်တော်သော ယာဉ်များသွားလာမှုအပေါ် ကြပ်မတ်ပေးရန်လိုအပ်ကြောင်း၊ ထို့အပြင် ကျေးလက်လမ်းများကို မြေသားလမ်းမှ ကျောက်ချောလမ်း၊ ကတ္တရာလမ်း များသို့ စနစ်တကျ စီမံချက်ရေးဆွဲပြီး အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့မြို့အင်္ဂါရပ်နှင့်အညီ မြို့ပြလမ်းများတိုးတက်ကောင်းမွန်အောင် နှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ယခုအချိန်အထိ မြို့ပြလမ်း မိုင် ၄၆၄၀နှင့် မြို့ပြတံတား ၂၃၀၇စင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိ ရကြောင်း၊ ထို့အပြင် မြို့ပြသာယာလှပရေး လုပ်ငန်းစဉ်(၁၆)ချက် ချမှတ် အကောင်အထည်ဖော်နေခြင်းကို သိရကြောင်း၊ ယင်းလုပ်ငန်းစဉ်များအနက် မြို့တွင်းလမ်းများပြုပြင်ရာတွင် လမ်းနှင့်အတူ လမ်းပခုံးများ၊ လမ်းဘေးဝဲယာ ပလက်ဖောင်း၊ ရေမြောင်းများကိုလည်း တစ်ပါတည်းပြုပြင်ဆောင်ရွက် သွားကြရန်နှင့် နိုင်ငံတကာမြို့ကြီးများမှာကဲ့သို့ သစ်ပင်ပန်းမန်များဖြင့် ဝေဆာ လှပနေအောင် စိုက်ပျိုးသွားကြရန်မှာကြားလိုကြောင်း။

လမ်းမကြီးများနှင့်ဝေးပြီး သွားလာရေးခက်ခဲသော ကျေးရွာများကို ဖြတ်သန်းပြီး တစ်မြို့နယ်နှင့် တစ်မြို့နယ်၊ တစ်ခရိုင်နှင့် တစ်ခရိုင်ဆက်သွယ် အသုံးပြုရန်အတွက် နိုင်ငံတော်မှ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ရန်ကုန်တိုင်းတို့ကိုဖြတ်သန်းပြီး ဖောက်လုပ်နေသည့် ခရိုင် ချင်းဆက်လမ်း အမှတ်(၁)ကိုလည်းကောင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့ကိုဖြတ်သန်း၍ ဖောက်လုပ်နေသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်းကို တွေ့ရှိရကြောင်း။

၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အထိ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် ကတ္တရာလမ်း ၅၄မိုင်၊ ကျောက်ချောလမ်း ၃၂၃မိုင် ၂ဖာလုံ၊ သစ်သားတံတား အစင်း ၁၀၀တို့ကိုလည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင် ကတ္တရာလမ်း ၃မိုင်၊ ကျောက်ချောလမ်း ၅၂မိုင် ၆ဖာလုံ၊ မြေသားလမ်း ၁၆၃မိုင်နှင့် သစ်သားတံတား ၇၅စင်းတို့ကိုလည်းကောင်း အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ခြင်းကို အားရကျေနပ်ဖွယ်ရာ တွေ့ရှိရကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကတာဝန်ကြီး တစ်ရပ်ဖြစ်သည်နှင့်အညီ ရေရှားပါးသော အပူပိုင်းဒေသ တိုင်းသုံးတိုင်း အပါအဝင် အခြားပြည်နယ်နှင့်တိုင်းအားလုံးတို့တွင် ကျေးလက်ဒေသ သန့်ရှင်း သော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်းချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးမှုကြောင့် ကျေးလက်နေပြည်သူများ ကျန်းမာ ရေးစောင့်ရှောက်မှုမြင့်တက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည် ဖြစ်ကြောင်း။

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အပူပိုင်း ဒေသတွင် ၈၀၄၂ရွာ၊ အခြားပြည်နယ်နှင့်တိုင်းများတွင် ၁၅၁၈၃ရွာ၊ တစ်နိုင်ငံ လုံးတွင် ကျေးရွာစုစုပေါင်း ၂၃၂၂၅ ရွာ ဆောင်ရွက်ပေးရန်ရှိသည့်အနက် ယခုအခါ အပူပိုင်းဒေသတွင် ၇၉၁၁ရွာ၊ အခြားပြည်နယ်နှင့် တိုင်းများတွင် ၉၃၃၉ရွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း စုစုပေါင်း ၁၇၂၅၀ ရွာ ဆောင်ရွက်ပြီးစီးနေခြင်းကို တွေ့ရှိရကြောင်း။

**ကျေးလက်ဒေသ ရေရရှိရေးနှင့်ပတ်သက်၍ သန့်ရှင်းသော သောက်သုံး ရေသည် လူသားများအတွက် အသက်ရှည်ကျန်းမာရေး၊ ရောဂါဘယများ ကူးစက်ပြန့်ပွားမှုမရှိစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ လူဦးရေအများစုနေထိုင်ရာ ကျေးလက်နေ ပြည်သူများ၏ အခြေခံလိုအပ်ချက်ကို ဖြ**

**လုပ်ငန်းတစ်ရပ်ဖြစ်သဖြင့် ကျေးရွာတိုင်း**

**များအား ရေဖူလုံစွာရရှိရေးကို စီမံကိန်းကာ**

**အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လို**

စည်ပင်သာယာရေးအဖွဲ့များအနေ
များကို တာဝန်ယူဆောင်ရွက်ပေးရသကဲ့သို့
ဆောင်ရွက်ပေးလျက်ရှိခြင်းကိုတွေ့ရှိရပါ
၁၇၉မြို့ မြို့ရေပေးဝေလျက်ရှိသည်ကို
မရှိသေးသည့်မြို့များကိုလည်း ဆက်လ
လိုကြောင်း၊ နိုင်ငံတော် အကြီးအကဲက နယ်
ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာ
သည့်လုပ်ငန်းတစ်ရပ်ဖြစ်သော ကျေးလ
ကို လက်ရှိတိုင်းခုနစ်တိုင်း၌ ၂၀၀၃-
အခြားဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်း
၂၀၀၇ခုဘဏ္ဍာရေးနှစ်အထိ အိမ်လုံးရေ
နိုင်ခဲ့ကြောင်းသိရကြောင်း။

ကျေးလက်အိမ်ရာစီမံကိန်းသည်
အဆင့်အတန်းမြင့်မားလာစေရေးအတွက်
နေသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ လ
သူများအနေဖြင့် မိမိတို့ အတွေ့အကြုံ၊
ဒေသအခြေအနေနှင့် ကိုက်ညီမည့် ကျေး
စေရန် စေတနာထား စည်းရုံးဆောင်ရွက်

စည်ပင်သာယာရေးလုပ်ငန်းများသည်
လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်
သပ်ရပ်သာယာလှပရေးနှင့် စည်းကမ်းစ
ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ထိန်းသိ

## ၂၀၀၇ခုနှစ် မြန်မာအမျိုးသမီ
## ဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာ

ရန်ကုန် ဇွန်

၂၀၀၇ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရော
ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အ
**ဖွံ့ဖြိုး နိုင်ငံတော်အကျိုး အမျိုးသမီးများရွက်**
ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် ဆုရရှိသူမျာ
ရေးကော်မတီက ယနေ့တွင်ထုတ်ပြန်ကြေ

အဆိုပါပြိုင်ပွဲတွင် ပထမဆုကို ဓော်
A.K.Moe (သတ္တဗေဒ)၊ တတိယဆုက
အသင်း)တို့ကရရှိကြသည်။ အထူးဆုမျ
ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၊
ကိုဦး (Image Hunter)၊ ကျော်ဝင်
အောင်ငွေးလှိုင်နှင့် ထွန်းဆွေ(လှသရဖူ-

ဆုရရှိသူများအနက် ပထမ၊ ဒုတိ
၂၀၀၇ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာ
ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့အ
ချီးမြှင့်မည်ဖြစ်ပြီး အထူးဆုရရှိသူများအ
အမျိုးသမီးရေးရာအဖွဲ့များက ကျင်းပမ
အခမ်းအနားများတွင် ဆုများကို ပေးအ
ရသည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုး
သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ရေးကော်မတီ အမှတ်(၂၂/၂၄) ပန်းဆိုး
၃၇၁၃၄၂တို့သို့ ဇွန် ၃၀ ရက်နောက်ဆုံ
ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကျေးလက်ဒေသ ရေရရှိရေးနှင့်ပတ်သက်၍ သန့်ရှင်းသော သောက်သုံးရေသည် လူသားများအတွက် အသက်ရှည်ကျန်းမာရေး၊ ရောဂါဘယများ ကူးစက်ပြန့်ပွားမှုမရှိစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး တို့အတွက် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ လူဦးရေအများစု နေထိုင်ရာ ကျေးလက်နေပြည်သူများ၏ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးရသည့် မွန်မြတ်သော လုပ်ငန်းတစ်ရပ်ဖြစ်သဖြင့် ကျေးရွာတိုင်း ရေရရှိရေးနှင့် ရရှိပြီးသော ကျေးရွာများအား ရေဖူလုံစွာရရှိရေးကို စီမံကိန်းကာလအတွင်း ရည်မှန်းချက်ပြည့်မီရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်။



**ဆုပေးအပ်ချီးမြှင့်**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ် ပထမဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

**ပြည်သူများ၏ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးရသည့် မွန်မြတ်သောလုပ်ငန်းတစ်ရပ်ဖြစ်သဖြင့် ကျေးရွာတိုင်း ရေရရှိရေးနှင့် ရရှိပြီးသောကျေးရွာများအား ရေဖူလုံစွာရရှိရေးကို စီမံကိန်းကာလအတွင်း ရည်မှန်းချက်ပြည့်မီရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်**ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရသကဲ့သို့ မြို့ရေပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိခြင်းကိုတွေ့ရှိရပါကြောင်း၊ ယခုအချိန်အထိ မြို့ပေါင်း ၁၇၉မြို့ မြို့ရေပေးဝေလျက်ရှိသည်ကို သိရှိရကြောင်း၊ မြို့ရေပေးရေးစနစ်မရှိသေးသည့်မြို့များကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ နိုင်ငံတော် အကြီးအကဲက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို တာဝန်ပေးထားသည့်လုပ်ငန်းတစ်ရပ်ဖြစ်သော ကျေးလက်အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကို လက်ရှိတိုင်းခုနစ်တိုင်း၌ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်မှစတင်၍ အခြားဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ရာ ၂၀၀၆-၂၀၀၇ခုဘဏ္ဍာရေးနှစ်အထိ အိမ်လုံးရေ ၃၄၂၀လုံးကို ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်းသိရကြောင်း။

ကျေးလက်အိမ်ရာစီမံကိန်းသည် ကျေးလက်နေပြည်သူများ နေထိုင်မှုအဆင့်အတန်းမြင့်မားလာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ လက်တွေ့တာဝန်ယူဆောင်ရွက်နေကြသူများအနေဖြင့် မိမိတို့ အတွေ့အကြုံ၊ အတတ်ပညာများကို ပေါင်းစပ်ပြီး ဒေသအခြေအနေနှင့် ကိုက်ညီမည့် ကျေးလက်စံပြအိမ်ရာများ ပေါ်ပေါက်လာစေရန် စေတနာထား စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူနေမှုဘဝအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည့်အပြင် သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် စည်းကမ်းစနစ်တကျရှိသည့် လူမှုပတ်ဝန်းကျင်ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ပေးရသော လုပ်ငန်းဖြစ်ခြင်းကြောင့် စည်ပင်သာယာရေးလုပ်ငန်းများကိုစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့များဥပဒေ(၅/၉၃)ကို ၁၉၉၃ခုနှစ်၊ ဧပြီလ ၁ ရက်တွင် နိုင်ငံတော်က ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်က ပြဋ္ဌာန်းထားသော စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအပြင် ပြည်သူတစ်ရပ်လုံးကပါ လိုက်နာကျင့်သုံးသွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအတွက် ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရမည့် လုပ်ငန်းများကိုလည်း ယင်းဥပဒေတွင် လုပ်ငန်းတာဝန် (၃၁)ရပ်အဖြစ် အသေးစိတ် သတ်မှတ်ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဒေသခံပြည်သူများ၏ လူမှုဘဝ လိုအပ်ချက်များနှင့် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိမိမိ ဆောင်ရွက်သွားနိုင်ရန် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့်အညီ အခွန်၊ အခ၊ အကောက်များကို ပြည့်ပြည့်ဝဝဖြင့် စေ့စေ့ငငကောက်ခံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေများကိုလည်း စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့်အညီ ရသုံးခန့်မှန်းခြေငွေစာရင်းများ စနစ်တကျသတ်မှတ်ရေးဆွဲပြီး ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် ကျခံသုံးစွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤသို့ သုံးစွဲရာတွင် အလေ့အလွင့်မရှိစေရေး၊ သတ်မှတ်လုပ်ငန်း စံချိန်စံညွှန်းများနှင့်အညီ ပြည့်မီသောလုပ်ငန်းများ ဖြစ်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ် ဆောင်ရွက်သွားကြရန် လိုအပ်မည် ဖြစ်ကြောင်း။

မြို့ရွာများ သန့်ရှင်းသာယာလှပရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ စည်ပင်သာယာရေးအဖွဲ့များ၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အဆင့်ဆင့်စစ်ဆေးအကဲဖြတ်ပြီး အကောင်းဆုံးစံပြမြို့နယ်ဆု၊ မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ဆု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ်ဆု စသည့်ဆု အသီးသီး ၂၀၀၄ခုနှစ်မှ စပြီးပေးအပ်ချီးမြှင့်ခဲ့ခြင်းကိုလည်းတွေ့ရကြောင်း၊ ပြည်သူ့အကျိုးပြု စည်ပင်သာယာရေးလုပ်ငန်းများတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကောင်းသောယှဉ်ပြိုင်ခြင်းဖြင့် ပိုမိုတိုးတက်မှုရှိအောင် စွမ်းစွမ်းတမံကြိုးစားအားထုတ်နိုင်ကြစေရန် ဖြစ်ကြောင်း။

စည်ပင်သာယာရေး လုပ်ငန်းတာဝန်များသည် ကျယ်ပြန့်များပြားသည့်အလျောက် ထိတွေ့ဆက်ဆံရသည့် ပြည်သူလူထုနယ်ပယ်သည်လည်း ကျယ်ဝန်းသည်ဖြစ်ရာ ပြည်သူများအပေါ်တွင် အခွင့်အာဏာပြခြင်း၊ မောက်မာစွာ ဆက်ဆံခြင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ မမှန်မကန်ဆောင်ရွက်ခြင်းတို့ကို ရှောင်ကြဉ်ပြီး ပြည်သူတို့၏လိုအပ်ချက်များကို စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးကြရန်နှင့် ပြည်သူများအပေါ် နွေးထွေးသိမ်မွေ့စွာဆက်ဆံကာ လုပ်ငန်းများကို စနစ်တကျဖြင့် အကျိုးရှိထိရောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများအားကိုး ယုံကြည်သည့်ဌာန၊ အဖွဲ့အစည်းများဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ **ကျေးလက်ဒေသ လမ်းတံတား နှစ်(၃၀) စီမံကိန်းနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၀)နှစ် စီမံကိန်းများကို လျာထားနှစ်အလိုက် အောင်မြင်အောင် ဆောင်ရွက်ကြရန်။**

**ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ကျေးလက်စံပြအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ကြရန်။**

**နိုင်ငံတော်က အထူးတာဝန်ပေးသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်အတိုင်း ပြီးမြောက်အောင် စေတနာအပြည့်အဝဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ကြရန်။**

**စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ပြည်သူများထံမှ ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေများနှင့် ကျခံသုံးစွဲကြရခြင်းဖြစ်၍ ပြည်သူအတွက် ထိထိရောက်ရောက် အကျိုးရှိအောင် စနစ်တကျသုံးစွဲဆောင်ရွက်သွားကြရန်။**

**စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး မမှန်မကန်ဆောင်ရွက်ခြင်း၊ အခွင့်အာဏာသုံးပြီး ပြည်သူတို့အပေါ် မောက်မာစွာ ဆက်ဆံခြင်းတို့ကို ရှောင်ကြဉ်ကြရန်နှင့် ပြည်သူများ ယုံကြည်အားကိုးခြင်းခံရသည့် ဝန်ထမ်းများဖြစ်အောင် ကြိုးစားသွားကြရန်** မှာကြားသည်။

### ဆုများပေးအပ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးအကောင်းဆုံးမြို့နယ် ပထမဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ တတိယဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအကောင်းဆုံးမြို့နယ် ပထမဆုရ မန္တလေးတိုင်း ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အကောင်းဆုံး စံပြမြို့နယ်ပထမဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ တတိယဆုရ မန္တလေးတိုင်း ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်းပြသထားသော ပြည်နယ်နှင့်တိုင်း စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများနှင့် အကောင်းဆုံး မြို့နယ်ဆုရ မြို့နယ်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)






**မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်ခင်သက်ဌေး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှု သရုပ်ပြပွဲအခမ်းအနားတွင် ကြည့်ရှုအားပေးစဉ်။** (အား/ကာ)

## ၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၂၅**

၂၀၀၇ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က **"ဘက်စုံဖွံ့ဖြိုး နိုင်ငံတော်အကျိုး အမျိုးသမီးများရှက်သယ်ပိုး"** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် ဆုရရှိသူများ၏ အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့တွင်ထုတ်ပြန်ကြေညာသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုကို ဇော်ဝင်းထွန်း(အား/ကာ)၊ ဒုတိယဆုကို A.K.Moe (သတ္တဗေဒ)၊ တတိယဆုကို ဦးလှထွန်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)တို့ကရရှိကြသည်။ အထူးဆုများကို မင်းဇာနည်ဇော်(အမရပူရ)၊ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၊ စိုင်းခမ်းလင်း (Hawk Eyes)၊ ကိုဦး (Image Hunter)၊ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ အောင်ဌေးလှိုင်နှင့် ထွန်းဆွေ(လှသရဖူ-မိုးကုတ်)တို့ကရရှိကြသည်။

ဆုရရှိသူများအနက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ၂၀၀၇ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနား၌ ဆုများကိုပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး အထူးဆုရရှိသူများအား မိမိတို့၏တိုင်းနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များက ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများတွင် ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ်(၁၃၂)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၁၇၇၃နှင့်ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂တို့သို့ ဇွန် ၃၀ ရက်နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၂၅**

၂၀၀၇ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က **"မိသားစုဖွံ့ဖြိုး နိုင်ငံတော်တိုးတက် အမျိုးသမီးများစွမ်းဆောင်ချက်"** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ဆောင်းပါးပြိုင်ပွဲအတွက် ဆုရရှိသူများ၏အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့တွင်ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုကို မစောဣန္ဒာသက်မောင်၊ ဒုတိယဆုကို ဒေါက်တာချိုချိုတင်(မတင့်-မြန်မာစာ)၊ တတိယဆုကို ဒေါ်သင်းသင်းဦး (ရှိန်းမြသင်း)တို့က ရရှိကြသည်။ အထူးဆုကို ဦးလှမြင့်(လှမြင့်-ရန်ကုန်တက္ကသိုလ်)၊ ဦးတင်ထွန်း(ချယ်ရီမြေ မောင်တင်ထွန်း)၊ ဒေါက်တာစုစုခိုင်၊ ဒေါ်သန်းသန်းစိုး(သွဲ့ထားညို-သက္ကလ)၊ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)၊ ဒေါက်တာနွယ်နွယ်စိုး(နွယ်လေး-မြန်မာစာ) တို့က ရရှိကြသည်။

### ဆုများပေးအပ်ချီးမြှင့်မည်

ဆုရရှိသူများအနက် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ၂၀၀၇ခုနှစ် ဇူလိုင် ၃ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနား၌ ဆုများကိုပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး အထူးဆုရရှိသူများအား မိမိတို့၏ တိုင်းနှင့်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များကကျင်းပကြမည့် မြန်မာအမျိုးသမီးနေ့ အခမ်းအနားတွင် ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ် (၁၃၂)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၁၇၇၃နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂ တို့သို့ ဇွန် ၃၀ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားသရုပ်ပြပွဲများ ကျင်းပ

**ရန်ကုန် ဇွန် ၂၅**

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားသရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌဒေါ်အေးအေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် တာဝန်ခံနာယကများ၊ နာယကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ရှေးဦးစွာ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ မြန်မာ့သိုင်းသရုပ်ပြခြင်း၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်မှ ဂူရှူးအားကစားသရုပ်ပြခြင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်၏ ၂၀၀၈ ခုနှစ် ပြည်နယ်နှင့်တိုင်း အေရိုးဗစ်ပြိုင်ပွဲတွင် ပြောင်းလဲကျင်းပမည့် အခြေခံ Aerobics လေ့ကျင့်ခန်းများ သရုပ်ပြသခြင်း၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်မှ ကျွမ်းဘားအားကစား သရုပ်ပြသခြင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က လေ့ကျင့်ပေးထားသည့် လသာမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၂)၊ မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၃)၊ ရန်ကင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)တို့မှ ကျောင်းသူကလေးများ၏ အေရိုးဗစ်လေ့ကျင့်ခန်းများ အသုံးချပြီး OLYMPIC ကွင်း သရုပ်ဖော် အားကစားသရုပ်ပြခြင်း အစီအစဉ်များပြသကြသည်။ ထို့နောက်မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ သရုပ်ပြအားကစားအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမျိုးသမီးရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၅

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီ၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ အမျိုးသမီးများလူနေမှုဘဝ မြင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်နီနီဝင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်များဖြစ်သော ဒေါ်ခင်မေစိုး၊ ဒေါ်ကြည်ကြည်မြတို့သည် ဇွန် ၂၂ရက် မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည့် အမျိုးသမီးရေးရာ အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်ကြသည်။**

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ ၅၀၀ခန့်တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြက အမျိုးသမီးများအား အကြမ်းဖက်ခံရခြင်းနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များအကြောင်းကို လည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲ အတွင်းရေးမှူး ဒုတိယရဲမှူး ဒေါ်ဥမ္မာရင်မိက လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအကြောင်းကို လည်းကောင်း အသီးသီး အကျယ်တဝင့် ရှင်းလင်းပြောကြားကြသည်။

ဟောပြောပွဲ အပြီးတွင် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင်က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၀နှင့် ဘောလ်ပင်ဒါဇင် ၂၀၊ ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့် ဒေါ်တင်တင်နွဲ့ မိသားစုက ယဉ်ကျေးလိမ္မာစာအုပ် အုပ်ရေ ၂၀၀၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်-ဒေါ်အေးအေး မိသားစုက အားကစားပစ္စည်းများ၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ-ဒေါ်မြသီဂီ မိသားစု၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး-ဒေါ်နီနီဝင်းမိသားစု၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း-ဒေါ်ခင်မိမိ မိသားစုတို့က အလှူငွေကျပ် တစ်သိန်းစီကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ထို့ကြောင့် မြန်မာအမျိုးသမီးဟုခေါ်သည်

❁ မြင်သူရှုငေး၊ ငယ်နုသွေး
မလေးစံပယ်၊ ငွေဝတ်နွယ်
မင်းဘယ်မှာမွေးခဲ့ပါတယ်။

❁ ကျွန်မမွေးတာ၊ ပြည်မြန်မာ
ကမ္ဘာပေါ်မှာ၊ အလှဆုံးပါ
ကျွန်မ မြန်မာအစစ်ပါ။

❁ စံပယ်မလေး၊ မေးချင်သေး
မွေးရပ်ကိုလျှင်၊ ပြစ်မမြင်
ချစ်ခင်မြတ်နိုးရဲ့လားကွယ်။

❁ မေးမှမေးတယ်၊ မောင်ကြီးရယ်
သည်ကမ္ဘာဝယ်၊ အလှဆုံးကြွယ်
ပြည်မြန်မာကို အချစ်ဆုံးကွယ်။

❁ ချစ်ခင်မြတ်နိုး၊ ကိုယ့်မြေအကျိုး
သယ်ပိုးဘယ်သို့၊ ဆောင်ပါ့မယ်။
မလေးစံပယ် ဖြေစမ်းကွယ်။

❁ မျိုးဂုဏ် ရိုးဂုဏ်၊ ဘိုးဘွားဂုဏ်
လုံးစုံ ကျွန်မ စောင့်ထိန်းမယ်။
ဖြူဖြူ မည်းမည်း၊ လူမျိုးကွဲ
အမြဲလွဲအောင် ရှောင်ပါ့မယ်။

❁ တလွဲတချော်၊ အမေကျော်
ဒွေးတော်လွမ်းစိတ် ဘေးကိုဖယ်။
တိုင်းပြည်ငြိမ်းအေး၊ ဖွံ့ဖြိုးရေး
အားပေးထောက်ကူ ပြုပါ့မယ်။
သူခိုးကိုမုန်း၊ ဓားရိုးကမ်း
ဆိုးသွမ်းသူကို ရှုတ်ချမယ်။
တိုင်းပြည်အားထား၊ ရဲမာန်ကြွား
သားသမီးတွေ မွေးပါ့မယ်။
ဆွေစဉ်မျိုးဆက်၊ တိုင်းပြည်တွက်
မပျက်စဉ်လာ ထိန်းပါ့မယ်။

❁ ကောင်းပါလေ့ကွယ်၊ မစံပယ်
မျိုးဂုဏ် ရိုးဂုဏ် စောင့်ထိန်းတယ်။
ဂုဏ်ယူဖွယ်ပ၊ ချစ်နှမ
ဒါမှ မြန်မာမ။ ။

(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

**ခွန်ရဲသွေး(အေးသာယာ)**

# အိုလံပစ်နေ့ အထိမ်းအမှတ် သက်တန်းအလိုက် ကြက်တောင်ရိုက်ပြိုင်



**မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါ ဆေးဝါးနှင့်ဆောက်လုပ်ရေး လုပ်ငန်း) က Shining Star ကြက်တောင်အသင်းအား ထောက်ပံ့ငွေကျပ် ၁၀သိန်းပေးအပ်ရာ အသင်းနည်းပြ ဒေါ်ဆွေမာဦး လက်ခံယူစဉ်။** (ကြေးမုံ)

**ရန်ကုန် ဇွန် ၂၅**

၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် SHINING STAR သက်တန်းအလိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမတွင် ကျင်းပသည်။

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်နာယက ဦးကြည်ညွန့်က သြဝါဒစကား ပြောကြားပြီး SHINING STAR ကြက်တောင်အသင်းနည်းပြ ဒေါ်ဆွေမာဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နာယက ဦးကြည်ညွန့်၊ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါ ဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း)နှင့် အမှုဆောင်များ၊ ပြိုင်ပွဲဖြစ်မြောက်ရေး ပံ့ပိုးကူညီသူများနှင့် တာဝန်ရှိသူများက အသက်(၁၀)နှစ်အောက် အမျိုးသား တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် (၁၂)နှစ်အောက် အမျိုးသား တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၁၄)နှစ်အောက် အမျိုးသား တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ ၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ ၊ လူသစ်တန်း နှစ်ယောက်တွဲ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အလွတ်တန်း အမျိုးသား တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ ဝါသနာရှင်အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများကို အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ SHINING STAR ကြက်တောင်အသင်း နည်းပြ ဒေါ်ဆွေမာဦးက ပြိုင်ပွဲ၏ အငယ်ဆုံးတန်း အသက်(၁၀)နှစ်အောက် အမျိုးသား ပြိုင်ပွဲ၌ အကောင်းဆုံးဆုရ အောင်မျိုးထူး (SHINING STAR) အား ဆုချီးမြှင့်သည်။ထို့နောက် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက SHINING STAR အသင်းအား ထောက်ပံ့ငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းရာ အသင်းနည်းပြ ဒေါ်ဆွေမာဦးက လက်ခံရယူသည်။

(ကြေးမုံ)

# လူငယ်ပြေးခုန်ပစ်နည်းပြ ဆွေးနွေးပွဲတက်ရန် ထွက်ခွာ

**ရန်ကုန် ဇွန် ၂၅**

အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဇွန် ၂၇ရက်မှ ဇူလိုင် ၃ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဖွင့်လှစ်မည့် လူငယ်ပြေးခုန်ပစ် နည်းပြဆရာ ဆွေးနွေးပွဲသို့တက်ရောက်ရန် ဒေါ်ခင်ညို (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာသိပ္ပံ)သည် ယနေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ ယင်းဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများအပြင် အရှေ့အာရှနိုင်ငံများပါ တက်ရောက်ကြမည်ဟု သိရသည်။ (ကြေးမုံ)

# မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3rd July 2007

# Learning from Famous Business Leaders အကြောင်းဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

Smart Technical Services Co., Ltd. ၏ Managing Director **ဦးကျော်ကျော်လှိုင် ဟောပြောသည့်** Learning from Famous Business Leaders **ဆွေးနွေးပွဲကို ဇွန် ၂၃ရက်တွင် ရန်ကုန်မြို့** Sedona Hotel **၌ ကျင်းပခဲ့သည်။**

ဟောပြောပွဲသို့ ကုမ္ပဏီအသီးသီးမှ မန်နေဂျာအဆင့်ဆင့်၊ CEOစီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းကို ကြိုတင်ငွေသွင်း ဖတ်ရှုသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးကျော်ကျော်လှိုင်က နိုင်ငံတကာရှိ အောင်မြင်ကျော်ကြားနေသော စီးပွားရေးပညာရှင်ခေါင်းဆောင်ကြီး၏ လုပ်ငန်းများ၊အတွေးအမြင်များ၊ အောင်မြင်သော အဖွဲ့အစည်းဖြစ်စေရန် တည်ဆောက်ခြင်းအကြောင်း၊ လုပ်ငန်းအောင်မြင်ရေး နည်းလမ်းများမှ မည်သည့်အချက်များကို ထုတ်နုတ်လေ့လာသင်ယူနိုင်သည်တို့ကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးခွန်းများကိုလည်း ပြန်လည်ဖြေကြားသည်။

ထို့နောက် တက်ရောက်လာသူများအား တူဒေးတိုက်ထုတ်စာအုပ်များကို ၁၀ရာခိုင်နှုန်းလျှော့နှုန်းနှင့် ရောင်းချပေးခဲ့ပြီး အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လစဉ်ထုတ် မဂ္ဂဇင်းများဖြစ်သည့် Lifestyle မဂ္ဂဇင်းနှင့် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းတို့ကို ၃၃ရာခိုင်နှုန်း လျှော့နှုန်းဖြင့် ကြိုတင်ငွေသွင်းလက်ခံခဲ့သည်။ ၂၀၀၇ ခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ကျင်းပသောယခုဆွေးနွေးပွဲကို MK Fashion နှင့် Scott Tissue တို့က ပံ့ပိုးကူညီခဲ့ပြီး CEOစီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက စီစဉ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Smart Technical Services Co., Ltd. ၏ Managing Director **ဦးကျော်ကျော်လှိုင်** Learning from Famous Business Leaders **ဆွေးနွေးပွဲတွင် ဟောပြောစဉ်။** (သတင်းစဉ်)










သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဌာနအလိုက် လျာထားချက်ပြည့်မီကျော်လွန်အောင်ဆောင်ရွက်ရမည့် အစီအစဉ်များကို မပြတ်မနေ နည်းလမ်းရှာထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၅

**သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ သတ္တုတွင်း ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လျာထားချက်များ ပြည့်မီကျော်လွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လုပ်ငန်းဌာန တစ်ခုချင်းအလိုက် လျာထားချက်များ၏ ထုတ်လုပ်မှုအပေါ် လိုအပ်ချက်များနှင့် လျာထားချက်များ ပြည့်မီကျော်လွန်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး ပြောင်းလဲတိုးတက်နေသော ခေတ်နှင့်အညီ ဝန်ထမ်းများသည် ဌာနအလိုက် သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို မဖြစ်မနေ နည်းလမ်းရှာထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဌာန၊ လုပ်ငန်းများအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန်၊ စက်သုံးဆီအစားထိုး ဇီဝဒီဇယ်ဆီ ရရှိသုံးစွဲနိုင်ရန်အတွက် ကြက်ဆူပင်စိုက်ပျိုးရေးကို စီမံချက်ချမှတ်ပြီး အောင်မြင်အောင် အလေးထား ဆောင်ရွက်ကြရန်၊ မိမိတို့ဌာနများရှိ ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားတိုးတက်ရေးကို ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မိုးကုတ်သံဝေဇနီယ (နေ့)တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေး ကျောင်းတိုက်(မိုးကုတ် သံဝေဇနီယ ဓမ္မပူဇာအဖွဲ့)တွင် (၁၅)ကြိမ်မြောက် မိုးကုတ် သံဝေဇနီယ ဓမ္မပူဇာ (နေ့) တရားစခန်းကို ဇူလိုင် ၇ရက် (စနေနေ့)မှ ဇူလိုင် ၁၁ရက် (ဗုဒ္ဓဟူးနေ့) အထိ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏ တရားတော်နှင့် လုပ်ငန်းစဉ်များကို တိုက်ရိုက်နာယူ ကျင့်သုံးအားထုတ်ကြရမည်ဖြစ်ရာ ကျောင်းထိုင်ဆရာတော် ဦးဝိမလနှင့် ဆရာမ ဒေါ်အေးခိုင် (ဆုထူးပန် အဘိဓမ္မာ) တို့က တရားတော် အနှစ်ချုပ်စာစောင်များဖြန့်ဝေ၍ ကြိုတင်ပေါင်းကူး ရှင်းလင်းဆွေးနွေးပေးမည် ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဆရာတော် ဦးဝိမလနှင့် အရှင်သုစိတ္တ ဖုန်း-၃၈၂၂၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၆-၂၀၀၇ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အသိလိုက်မှ နိဗ္ဗာန်ရ တရားတော် (ဆရာတော် အရှင်တေဇာလင်္ကာရ (ဓမ္မာစရိယ) (ဓာတ်လုံးကျောင်းတိုက်) |
| ၇း၅၅ | ခုန်ပျံကျော်လွှား ကျွမ်းဘားအားကစား |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | Sunday Talk |
| ၉း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅ | အရိုးတွေဘာကြောင့် ပွလာတာလဲ(အပိုင်း-၄) (ပါမောက္ခဒေါက်တာချစ်စိုး) |
| ၉း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံမှူးတင်) "ဆေးရွက်ကြီးအန္တရာယ်" |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | မြန်မာစာ၊ မြန်မာစကား(၄) |
| ၁၁း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၀၅ | Music Gallery (မိုးသီချင်းများ) |
| ၁၁း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၃၀ | လင်းလက်သောကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း |
| ၁၁း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂း၀၀ | တေးဂီတအစီအစဉ် |
| ၁၂း၀၅ | စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ |
| ၁၂း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၂၀ | Fashion Guide "ဆန်းသစ်တီထွင် ကချင်တိုင်းရင်းသားဖက်ရှင် |
| ၁၂း၄၀ | တေးဂီတအစီအစဉ် |
| ၁၂း၄၅ | အမွန်မြတ်ဆုံးလက်ဆောင် (နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-မောင်မောင်မြင့်) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

# မိမိတို့၏လုပ်ငန်းတာဝန်များကို အဂတိတရားကင်းရှင်းစွာဖြင့် ကျေပွန်အောင် ကြိုးပမ်း ငွေကြေးပမာဏကြီးမားသည့် အထူးစီမံကိန်းလုပ်ငန်းများကို ဖိဖိစီးစီးစစ်ဆေးတင်ပြ

နေပြည်တော် ဇွန် ၂၅

**စာရင်းစစ်ချုပ်ရုံး ၂၀၀၇ ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်အမှာစကား ပြောကြားသည်။**





စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်ချုပ်ရုံး ၂၀၀၇ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညွှန်ကြားရေးမှူးများနှင့် စီမံရေးရာဌာနမှူးများ၊ လေ့ကျင့်ရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးဌာနစုများမှ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

### မှန်မှန်ကန်ကန်မျှမျှတတစစ်ဆေး

လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အဂတိတရားကင်းရှင်းစွာဖြင့် ကျေပွန်အောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာန အဖွဲ့အစည်းများ၏ နှစ်ချုပ်စာရင်းများကို စစ်ဆေးသည့်အခါ၌ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြစေရန်အတွက် လမ်းကြောင်းအမှန်ပေါ် တင်ပေးနိုင်ရေးကို အလေးပေးကြပ်မတ် စစ်ဆေးကြရန်နှင့် မှန်မှန်ကန်ကန်မျှမျှတတ စစ်ဆေးဖော်ထုတ်တင်ပြကြရန်၊ ငွေကြေးပမာဏကြီးမားသည့် အထူးစီမံကိန်းလုပ်ငန်းများကို စစ်ဆေးသည့်အခါ ဖိဖိစီးစီးစစ်ဆေးတင်ပြကြရန်နှင့် စစ်ဆေးတွေ့ရှိချက်များ ထိရောက်စေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်မှုကို ပြီးဆုံးအောင် ကြည့်ရှုကြရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာ ကာလအတွင်း ပြည်နယ်နှင့် တိုင်းများအလိုက် ဌာနဆိုင်ရာ အဖွဲ့အစည်းများကို စစ်ဆေးအစီရင်ခံနိုင်မှုအခြေအနေ၊ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ စာရင်းစစ်ရုံး ဝန်ထမ်းအင်အားအခြေအနေ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မှုအခြေအနေနှင့် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယ စာရင်းစစ်ချုပ် ဒေါ်သင်းသင်းက ရှင်းလင်းတင်ပြချက်များ အပေါ်ဖြည့်စွက်ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# ရဲတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ရာတွင် ညွှန်ကြားချက်၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက် ကိုလိုနီစရိုက်ကိုဖျောက်၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကိုစောင့်ရှောက် ဟူသော ဆောင်ပုဒ်အတိုင်း တိတိကျကျလိုက်နာကျင့်သုံး

## ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၅

**ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၁ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ဌာနမှူးများ၊ ပြည်နယ်/ခရိုင် တပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။





ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားရာတွင် ယနေ့နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက ပြည်တွင်းပြည်ပ နှောင့်ယှက်မှုများကြားက နိုင်ငံနှင့်ပြည်သူများ၏ လူနေမှုဘဝ အေးချမ်းတည်ငြိမ်ရေး၊ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ရေး၊ အသိပညာဗဟုသုတကြွယ်ဝသည့် လူ့စွမ်းအား အရင်းအမြစ် ဖြစ်ထွန်းရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးတို့အတွက် ဘက်စုံ၊ ကဏ္ဍစုံ၊ နယ်ပယ်စုံ၌ အခြေခံကောင်းများ တည်ဆောက်ပေးလျက်ရှိကြောင်း။

အနာဂတ်နိုင်ငံတော်အတွက်အလားအလာကောင်းများကို ကြိုတင်မြော်တွေး ပုံဖော်ပေးလျက်ရှိကြောင်း။

မိမိတို့ပြည်ထဲရေးဝန်ကြီးဌာနသည် အုပ်ချုပ်ရေးပိုင်းကို တာဝန်ယူဆောင်ရွက်ရသည့်အတွက် အခြားသော ဝန်ကြီးဌာနများနှင့် လုပ်ငန်းသဘောသဘာဝချင်း ကွဲပြားခြားနားမှုများ ရှိကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူလူထုနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆက်ဆံရေးပိုင်းမှ အစ ရပ်ရွာအေးချမ်းသာယာရေး အပိုင်းအထိ တာဝန်ယူနေရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံရေးနှင့် ပတ်သက်သည့် အတွေးအခေါ်များ အမြဲရှင်သန်နေရန် လိုအပ်သကဲ့သို့ လက်တွေ့လုပ်ကိုင်နေရသော လုံခြုံရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး အပိုင်းများကိုလည်း မျက်ခြည်ပြတ်၍ မရကြောင်း၊ မိမိတို့အောက်ရှိ အရာထမ်း အမှုထမ်းများ၏ သက်သာချောင်ချိရေး၊ ဝန်ထမ်း စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ အထက်က ချမှတ်ပေးသည့် မူဝါဒအတိုင်း အပြည့်အဝ အကောင်အထည်ဖော်လိုက်နာရေး၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စများအတွက် တာဝန်ရှိသူများ ကိုယ်တိုင် ဦးစီးဦးဆောင်ပြု၍ အဖွဲ့ဖွဲ့စည်းဆောင်ရွက်ကြီးကြပ်ရန် လိုအပ်ကြောင်း။

တပ်ဖွဲ့ဝင်များသည်ပြည်သူများအား မိမိတို့ကြောင့် ဝန်မပိစေရန် အထူးဂရုစိုက်ကြရန်အရေးကြီးကြောင်း၊ နိုင်ငံတော်အနေဖြင့်စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုစိုက်ပျိုးရေးနိုင်ငံအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသဖြင့် မိမိတို့ကိုယ်တိုင် စိုက်ပျိုးရေး လုပ်ငန်းများ တိုးချဲ့စိုက်ပျိုးရန် လိုအပ်သကဲ့သို့ တပ်ဖွဲ့ဝင်မိသားစုများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် နည်းလမ်းများရှာကြံပေးကြရန် ဖြစ်ကြောင်း၊ရဲတပ်ဖွဲ့ဝင်များအနေဖြင့်တာဝန်ထမ်းဆောင်ရာတွင် ညွှန်ကြားချက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ "ကိုလိုနီစရိုက်ကို ဖျောက် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စောင့်ရှောက်" ဟူသော ဆောင်ပုဒ်အတိုင်း တိတိကျကျမှန်မှန်ကန်ကန် လိုက်နာကျင့်သုံးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းရဲတပ်ဖွဲ့များက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက်ရည်မှန်းချက်လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

**ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားပွဲ ကာကွယ်ရေးနှင့် စွမ်းအင် အနိုင်ရရှိ ဘဏ္ဍာ/အခွန်အသင်း နိုင်ပွဲမရှိဘဲ အုပ်စုမှ ထွက်ရ

ရန်ကုန် ဇွန် ၂၅

**၂၀၀၇-၂၀၀၈ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းနှင့် ကာကွယ်ရေးအသင်းတို့ အနိုင်ရရှိသွားကြသည်။**

**(အောင်ဆန်းကွင်း)**

**ကာကွယ်ရေး - တစ်ဂိုး**

(နေဝင်းအောင်)

**ကမ္ဘောဇ - ဂိုးမရှိ**

**ဒိုင်လူကြီး - ဦးဝင်းမောင်**

ကမ္ဘောဇအသင်းမှာ သရေကျလျှင်ပင် အုပ်စုတက်နိုင်မည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့၍ အုပ်စုအဆင့်ဖြင့်သာ ကျနပ်ခဲ့ရသည်။ ကာကွယ်ရေးအသင်းမှာ အနိုင်ရရှိရန် အထူးကြိုးစားကစားသွားပြီး နာမည်ကြီး ဘဏ္ဍာ/အခွန်အသင်းကိုအနိုင်ရခဲ့သည့်ကမ္ဘောဇအသင်းကို မလှုပ်နိုင်အောင် ထိန်းကစားသွားနိုင်ပြီး တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့ကာ အုပ်စုတက်သွားခဲ့သည်။

ကာကွယ်ရေးအတွက်တစ်လုံးတည်းသော အနိုင်ဂိုးကို ၁၆ မိနစ်တွင် နေဝင်းအောင်က သွင်းယူခဲ့သည်။

**(သုဝဏ္ဏကွင်း)**

**စွမ်းအင် - နှစ်ဂိုး**

(နိုင်ဝင်း)

**ဘဏ္ဍာ/အခွန် - တစ်ဂိုး**

(ပိုင်စိုး)

စွမ်းအင်အသင်းမှာ အုပ်စုတက်ရန် သေချာနေပြီဖြစ်သော်လည်း နာမည်ကြီး ဘဏ္ဍာ/အခွန်ကို အနိုင်ရအောင် ယှဉ်ပြိုင်သွားခဲ့သည်။ နာမည်ကြီး ဘဏ္ဍာ/အခွန်အသင်းမှာလည်း ရှုံးပွဲဆက်ခဲ့ပြီး အုပ်စုသုံးပွဲ၌ နိုင်ပွဲမရှိဘဲ သရေတစ်မှတ်သာရရှိခဲ့ပြီး အုပ်စုမှ ထွက်ခဲ့ရသည်။

(ဂ)အုပ်စုပွဲစဉ်များ ယနေ့ပြီးဆုံးသွားရာ စွမ်းအင်က သုံးပွဲနိုင်၊ ကိုးမှတ်ဖြင့် အုပ်စုပထမ၊ကာကွယ်ရေးက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ လေးမှတ်ဖြင့် အုပ်စု ဒုတိယရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။ သုံးမှတ်ရရှိသည့် ကမ္ဘောဇနှင့် တစ်မှတ်သာရရှိသည့် ဘဏ္ဍာ/အခွန်တို့မှာ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

**ယနေ့ပွဲ**

ညနေ ၄ နာရီ

**(အောင်ဆန်းကွင်း)**

တပ်မတော်ကြည်းနှင့် လယ်/ဆည်

**(သုဝဏ္ဏကွင်း)**

သစ်တောရေးရာနှင့်

မြန်မာ့မီးရထား

(ကြေးမုံ)

# အာရှလူငယ်ဝူရှုးတံခွန်စိုက်ပြိုင်ပွဲ မြန်မာလူငယ်လက်ရွေးစင်အသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၂၅**

ကိုရီးယားသမ္မတနိုင်ငံ Yeong Ju မြို့၌ ဇွန် ၂၇ရက်မှ ဇူလိုင် ၁ရက် အထိကျင်းပမည့် စတုတ္ထအကြိမ် မြောက် အာရှလူငယ် ဝူရှုးတံခွန်စိုက်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ဝူရှုးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းခေါင်းဆောင်သော မြန်မာလူငယ်လက်ရွေးစင် ဝူရှုးအားကစားအဖွဲ့သည် ယမန်နေ့ ညပိုင်းက လေကြောင်းခရီးဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားကြရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

မြန်မာလူငယ်လက်ရွေးစင် ဝူရှုးအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာစိုင်းဆမ်ထွန်း(ဥက္ကဋ္ဌ)၊ အုပ်ချုပ်သူအဖြစ် ဦးတင့်နိုင် (ဒုတိယဥက္ကဋ္ဌ)၊ နည်းပြများအဖြစ် ဦးအောင်သူနိုင်နှင့် ဦးထွန်းထွန်းဦး၊ ဒိုင်လူကြီးများအဖြစ် ဦးခွန်ဂျာအောင်(အတွင်းရေးမှူး)နှင့် ဦးခင်စိုး၊ လေ့လာသူအဖြစ် ဦးကျော်ဌေးတို့ လိုက်ပါဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် အမျိုးသား သူရစိုး၊ဝေဖြိုးအောင်၊ ကျော်ဇင်သစ်၊ ကျော်နိုင်ဦးနှင့် စောကျော်စိုးမိုး၊ အမျိုးသမီး ဝေမာထွန်းသိန်း၊ သက်သက်နိုင်၊ အိမ့်မိမိ၊ စန္ဒီဦးနှင့် သန့်စူစန်တို့ ပါဝင်ကြသည်။ (ကြေးမုံ)



# အိုလံပစ်နေ့အထိမ်းအမှတ် ဂူရှုးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၅**

မြန်မာနိုင်ငံဂူရှုးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် (Olympic Day Run 2007) လူသစ်တန်း ဂူရှုးပြိုင်ပွဲကို ဇွန် ၂၃ရက် နံနက် ၈နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံ ဂူရှုးအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ထောက်လုပွဲစဉ်ပေါင်း ၂၁မျိုးကျင်းပရာ အမျိုးသား၊ အမျိုးသမီး အားကစားသမားစုစုပေါင်း ၈၀ ကျော်ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံဂူရှုးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဟန်မင်းထွန်း၊ ဦးတင့်နိုင်နှင့်တာဝန်ရှိသူများ က ဆုများပေးအပ်ချီးမြှင့်ကြသည်။ (ကြေးမုံ)



**ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်) အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲကို ဇွန် ၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က ကျောင်းကောင်စီ အတွင်းရေးမှူးအား တာဝန်အပ်နှင်းစဉ်။** (ပညာရေး)

# စည်ပင်သာယာတာဝန်များ ကျယ်ပြန့်များပြားသည့်အလျောက် ထိတွေ့ဆက်ဆံရသည့် ပြည်သူလူထုနယ်ပယ်ကျယ်ဝန်း ပြည်သူများအပေါ် အာဏာပြခြင်း၊ မောက်မာစွာဆက်ဆံခြင်း၊ လုပ်ပိုင်ခွင့် အလွဲသုံးစားပြုခြင်းတို့ကို ရှောင်ကြဉ် ပြည်သူတို့၏လိုအပ်ချက်များကို စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေး လုပ်ငန်းများကို စနစ်တကျထိရောက်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ အားကိုးယုံကြည်ရန် ကြိုးစား

နေပြည်တော် ဇွန် ၂၅

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၇နာရီခွဲတွင် နေပြည်တော်ရှိ စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး အကောင်းဆုံးမြို့နယ်ဆုများကို ပေးအပ်ချီးမြှင့်သည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧






**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇွန် ၂၅

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။**

အဆိုပါပထမအကြိမ် နေပြည် တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော် မြို့တော်ဝန်၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဝင်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်ကော်မတီဝင်များ၊ဒုတိယဝန်ကြီးများ၊ ဒုတိယ တရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

**ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ**
**(၂၆–၆–၂၀၀၇)**

| အုပ်စု | အသင်း | အချိန် | အားကစားကွင်း |
|---|---|---|---|
| (င) | သာသနာရေး – ပြန်ကြားရေး | နံနက် ၇နာရီခွဲ | ပေါင်းလောင်း |
| (စ) | အားကစား – အမှတ်(၁)လျှပ်စစ်စွမ်းအား | ညနေ ၄ နာရီ | ပေါင်းလောင်း |
| (စ) | ရှေ့နေချုပ်ရုံး – လူမှု/ကယ်ဆယ် | | လယ်ဝေး |

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး